# ကြေးမုံ
**The Mirror**

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့၊ **(26-10-2010)** (၆၅၆၃)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ဒေသတစ်ခု တိုးတက်ဖွံ့ဖြိုးရေးတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အဓိကအကျဆုံးနှင့် အလိုအပ်ဆုံးဖြစ် လမ်းပန်းဆက်သွယ်မှုကောင်းမွန်မှ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ လိုက်ပါဖွံ့ဖြိုးလာမည်

## နိုင်ငံတော်က ငွေကြေးများစွာသုံးစွဲပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ပေးနေခြင်းမှာ ဒေသခံပြည်သူများ လူနေမှုဘဝ တစ်နေ့တခြား တိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်ပေးနေခြင်းဖြစ်

နေပြည်တော် အောက်တိုဘာ ၂၅

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ဘိုကလေး၊ ဖျာပုံနှင့် ဒေးဒရဲမြို့နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့သို့ ရောက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ဘိုကလေးမြို့ ခုတင် (၁၀၀) ဆံ့ ဆေးရုံတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ဆေးရုံကို တာဝန်ယူတည်ဆောက်လျက်ရှိသည့် ထူးထရေးဒင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးတေဇက ဆေးရုံအဆောက်အအုံဆိုင်ရာ အချက်အလက်များ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ◆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒေးဒရဲမြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြကြေးမုံ The Mirror

၂၆-၁၀-၂၀၁၀
(အင်္ဂါနေ့)

# အမျိုးသားရေးပန်းတိုင်အရောက် လက်တွဲလှမ်းလျှောက်

နိုင်ငံအတွင်း၌ ပြည်ထောင်စုတိုင်းရင်းသားများ ပေါင်းစည်းယှက်နွယ် နေထိုင်လျက်ရှိသည်။ သွေးရင်းသားချင်း တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ် ထားရှိကြသည်။ နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်နေကြသည်။ တိုင်းရင်းသားပြည်သူများအားလုံးက ရရှိဖြစ်ထွန်းနေသည့် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းကြရပေမည်။ အမျိုးသားရေးပန်းတိုင်အရောက် စည်းလုံးညီညီ လက်တွဲလှမ်းလျှောက်သွားကြရပေမည်။

မကြာမီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်။ နိုင်ငံ၏ အတိတ်သမိုင်းတွင် ပါတီစုံအထွေထွေရွေးကောက်ပွဲများ ကျင်းပခဲ့ဖူးပြီ။ ဖြတ်သန်းကြုံကြိုက်ခဲ့ရသည့် အတွေ့အကြုံနှင့် သင်ခန်းစာများအပေါ် အခြေခံပြီး နိုင်ငံနှင့်ပြည်သူ့အကျိုးစီးပွားအတွက် အကောင်းဆုံးဖော်ဆောင်ပေးနိုင်မည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

တိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုသည့်ပါတီများ အပါအဝင် နိုင်ငံရေးပါတီ (၃၇)ပါတီတို့ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်နေရာ ၁၁၇၁ နေရာအတွက် ကိုယ်စားလှယ်လောင်း ၃၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် နိုင်ငံနှင့်လူမျိုးအတွက် ပိုမိုအကျိုးပြုနိုင်မည့် ကိုယ်စားလှယ်လောင်းများကို စိတ်ကြိုက်ရွေးချယ်နိုင်ကြမည်။ ခေတ်စနစ်အပြောင်းအလဲတစ်ခုအတွက် မှန်ကန်စွာရွေးချယ်တင်မြှောက်နိုင်သည့် ဒီမိုကရေစီ အခွင့်အလမ်း ရရှိခြင်းဖြစ်သည်။ ရွေးကောက်ပွဲအတွက် အဘက်ဘက်က ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ပေးထားသည်။ မဲရုံတိုင်း၌ လွှတ်တော်သုံးရပ်တွင် ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများအတွက် မဲပုံးသုံးပုံး အနည်းဆုံးထားပေးမည်ဖြစ်သည်။

ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတစ်ခုတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးတစ်မျိုးချင်း၏ အရေအတွက်သည် တစ်နိုင်ငံလုံးရှိ လူဦးရေ၏ သုည ဒသမ ၁ ရာခိုင်နှုန်းနှင့် အထက်ရှိလျှင် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်အဖြစ် သတ်မှတ်ပေးလျက် ၎င်းတို့၏ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်တစ်ဦးစီ ရွေးချယ်တင်မြှောက်ခွင့်ရှိသည်။ အဆိုပါဒေသများရှိ တိုင်းရင်းသားများသည် လွှတ်တော်သုံးရပ်အတွက် မဲပုံးသုံးပုံးတွင် မဲထည့်ကြရမည့်အပြင် သက်ဆိုင်ရာ တိုင်းရင်းသားမဲပုံးတွင်ပါ မဲထည့်နိုင်ကြမည်ဖြစ်သည်။

နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့၏ ဝန်နှင့်အားမျှသလောက် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းလာရေး ဆန္ဒမဲပေးရွေးချယ်ရေးသည် ပြည်သူတို့၏ အဆုံးအဖြတ်ဖြစ်သည်။ အတိတ်ကိုသုံးသပ်၊ အနာဂတ်ကိုမြော်မြင်၊ ပစ္စုပ္ပန်တွင်ရရှိနေသည့် ဒီမိုကရေစီအခွင့်အလမ်းကို အသိတရားဖြင့် ဆင်ခြင်သုံးသပ်ရွေးချယ်ကြခြင်းဖြင့် အမျိုးသားရေးပန်းတိုင်အရောက် ဆက်လက်လျှောက်လှမ်းသွားကြရမည် ဖြစ်ပါသည်။ ။

## မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း အလုပ်အမှုဆောင်များ ဂျပန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၅**

ဂျပန်နိုင်ငံ အိုဆာကာမြို့၌ အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် KANKEIREN ASEAN MANAGEMENT SEMINAR သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း အလုပ်အမှုဆောင် ဦးအောင်မင်းနှင့် ဦးအေးထွန်းတို့သည် အောက်တိုဘာ ၂၃ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးပေါဟိန်းနှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာပွင့်ဆန်းတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။**(အောက်ပုံ)**

(သတင်းစဉ်)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း မြစ်ရေလွှဲခြင်းအခမ်းအနား ကျင်းပ

**ဖွင့်လှစ်**

**သောက်ရေခပ်ချောင်း ယာယီရေတားတမံ ထိုးပိတ်ခြင်းအခမ်းအနားတွင် တိုင်းမှူး၊ ဝန်ကြီးများ၊ ရွှေနေချုပ်နှင့် ရွှေစွမ်းအင်ကုမ္ပဏီ ဥက္ကဋ္ဌတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၅

**ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ အရှေ့ဘက် သောက်ရေခပ်ချောင်းပေါ်ရှိ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း၏ မြစ်ရေလွှဲခြင်းအခမ်းအနားကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုးနှင့် တာဝန်ရှိသူများ၊ ရွှေစွမ်းအင်ကုမ္ပဏီမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ရွှေစွမ်းအင်ကုမ္ပဏီဥက္ကဋ္ဌက သောက်ရေခပ်(၂) စီမံကိန်း၏ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေလွှဲဥမင်လိုဏ် ဖောက်လုပ်ပြီးစီးမှု၊ မြစ်ရေလွှဲမည့် အစီအစဉ်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဦးဇော်မင်းနှင့် ဝန်ကြီး ဦးမောင်မောင်သိမ်းတို့က စီမံကိန်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ရှေ့နေချုပ်နှင့် ရွှေစွမ်းအင်ကုမ္ပဏီ ဥက္ကဋ္ဌတို့က ရေလွှဲဥမင်မှ ရေလွှဲရန်အတွက် သောက်ရေခပ်ချောင်း ယာယီရေတားတမံ ထိုးပိတ်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရေလွှဲဥမင်လိုဏ်အဝင်ပိုင်းမှ ရွှေဘောလုံး၊ ငွေဘောလုံးများနှင့် ရောင်စုံဘောလုံးများကို မြစ်ရေစီးတွင် မျှောလွှတ်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့သည် သောက်ရေခပ်ချောင်း ယာယီရေတားတမံ ထိုးပိတ်နေမှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း၏ ရေထိန်းတမံအမျိုးအစားမှာ ကွန်ကရစ်မျက်နှာပြင် ကျောက်ဖြည့်တမံ (Concrete Faced Rock Fill Dam)(CFRD) အမျိုးအစားဖြစ်ပြီး စက်တစ်လုံးလျှင် ၄၀ မဂ္ဂါဝပ်ရှိ စက်သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင် အင်အား ၁၂၀ မဂ္ဂါဝပ်မှ စီမံကိန်း ပြီးစီးပါက တစ်နှစ်လျှင် ပျမ်းမျှဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၆၀၄ သန်းထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## နိုင်ငံတကာအဆင့်မီ ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၂၅**

Santini International Training Academy က ပြည်တွင်းပြည်ပရှိ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ Shopping Mall များနှင့် အပျော်စီးသင်္ဘောများတွင် အလုပ်လုပ်ကိုင်လိုသူများ အတွက် လိုအပ်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများအဖြစ် နိုင်ငံတကာအဆင့်မီ ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းများအား သင်ကြားပေးလျက်ရှိသည်။

ထို့အပြင် သင်တန်းသားများ၏ အထူးခံစားခွင့်အနေဖြင့် အခမဲ့ဟိုတယ်သုံး အင်္ဂလိပ်ဘာသာစကား၊ အင်တာနက်အသုံးပြုခွင့်၊ စာကြည့်တိုက်အသုံးပြုခွင့်နှင့် အရစ်ကျ ပေးသွင်းနိုင်သောစနစ်များအပြင် သင်တန်းသစ်များအနေနှင့် City & Guilds အသိအမှတ်ပြု Hospitality Diploma Courses များကို ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ခြောက်လကြာမြင့်မည်ဖြစ်သည်။ သင်တန်းသစ်များစတင်သည့်အနေဖြင့် သင်တန်းအားလုံးကို ၂၀ ရာခိုင်နှုန်း လျှော့ချပေးမည်ဖြစ်ပြီး လစဉ်လတိုင်း ၁၅ ရက်နေ့တွင် အခြေခံကာလတိုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံရပ်ခြားတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကျောင်းတက်မည့်သူများ၊ ပြည်တွင်းပြည်ပတွင် ဟိုတယ်အလုပ်ရရှိစေရန် ကြိုတင်ပြင်ဆင် ထားချင်သည့်သူများလည်း ကြိုတင်စာရင်းပေး၍ အခမဲ့ အကြံဉာဏ်များ ရယူနိုင်ကြောင်း သိရှိရသည်။ ထို့ပြင် American Hotel & Lodging Association မှ အသိအမှတ်ပြု ဝါရင့်ဆရာကြီးများ၏ " What is Hospitality Management " ဆိုသောခေါင်းစဉ်ဖြင့် ပညာရေးဆွေးနွေးပွဲအား နိုဝင်ဘာ ၂ ရက် နံနက် ၁၁ နာရီ တွင် Santini International Training Academy ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ တက်ရောက်နိုင်သည်။

ကျောင်းအပ်ရန်နှင့် အသေးစိတ်သိရှိလိုပါက အမှတ် (၁၇၀/ ၁၇၆) နယူးဧရာဟိုတယ်ပထမထပ် (အာလာဒင်ဂိမ်းစင်တာအနီး) ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန် ဖုန်း-၃၈၃၇၃၉နှင့် ၃၈၃၇၄၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၁) တိုက်ကြီးမြို့နယ်အပိုင်းရှိ ဥက္ကံချောင်းကူးတံတား ၂၂၅ ပေ ပြုပြင်နေမှုကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် အောက်တိုဘာ ၃ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ သူရဦးမြင့်သူ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

## ရန်ကုန်ပညာရေး တက္ကသိုလ် မြှတ်ဆရာပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်ပညာရေးတက္ကသိုလ်၏ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၉ရက် (စနေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ဒေါက်တာလွင်လွင်စိုး (ရန်ကုန်ပညာရေးတက္ကသိုလ်) ဖုန်း-၅၀၃၉၀၄၊ ဦးဝင်းကို ဖုန်း-၅၃၄၄၇၆၉၊ ဦးအုန်းမြင့် ဖုန်း-၀၉-၈၀၂၄၁၉၄၊ ဒေါ်တင်တင်ရှု (DEPT) ဖုန်း-၅၅၇၃၀၉၊ ဦးအေးကြိုင် (ဦးစီး-၁) ဖုန်း-၅၅၇၆၄၃၊ ဦးမင်းကျော်ဝေ (ဦးစီး-၁) ဖုန်း-၅၄၄၉၈၀၊ ဦးစံထိုက်(ဦးစီး-၂) ဖုန်း-၀၂-၆၆၄၀၂၊ ဦးကျော်ဝင်းမြင့်(ဦးစီး-၃) ဖုန်း-၂၁၀၀၂၆၊ ဒေါ်ကြူကြူရွှေ (ဦးစီး-၃) ဖုန်း-၅၅၄၉၆၄၊ ဦးရှိန်းလိန်းအောင် ဖုန်း-၅၆၄၂၃၁၊ ဒေါ်ခင်စန်းမြင့် ဖုန်း-၅၄၂၃၁၇၊ ဒေါ်ခင်သန်းထွေး ဖုန်း-၂၉၃၃၆၃နှင့် ဦးကျော်ဝင်း ဖုန်း-၀၂-၃၉၁၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

# မုန်တိုင်းအန္တရာယ်ကြုံတွေ့ခဲ့သည့် နိုင်ငံခြားသင်္ဘောနှစ်စင်းအား တပ်မတော်(ရေ)က ကယ်တင်နိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၅

**အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် နိုင်ငံခြားသင်္ဘော တစ်စင်းသည် ကျောက်ဖြူမြို့၏အနောက်မြောက်ဘက် ငါးမိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၉ ဒသမ ၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ ဒသမ ၃ မိနစ်တွင်လည်းကောင်း၊ အခြားနိုင်ငံခြားသင်္ဘောတစ်စင်းသည် ကျောက်ဖြူမြို့၏ အရှေ့မြောက်ဘက် မိုင် ၃၀ ခန့်အကွာ၊ အမ်းမြို့၏ အနောက်မြောက်ဘက် ၂၃ မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၇ ဒသမ ၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၄ ဒသမ ၅ မိနစ်တွင်လည်းကောင်း မုန်တိုင်းအန္တရာယ်ဖြင့် ကြုံတွေ့နေရကြောင်း အချက်ပြသတင်း ထုတ်လွှင့်မှုကို လေကြောင်းရှာဖွေကယ်ဆယ်ရေး ဗြိုဟ်တုဆက်သွယ်ရေး စနစ်မှတစ်ဆင့် ဖမ်းယူရရှိခဲ့ကြောင်း သိရှိရသည်။**

သတင်း ရရှိလျှင်ရရှိချင်း အဆိုပါ နိုင်ငံခြားသင်္ဘောနှစ်စင်း တည်ရှိရာ နေရာသို့ တပ်မတော်(ရေ)မှ သင်္ဘောနှစ်စင်းဖြင့် သွားရောက်၍ ပင်လယ်ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေလွှတ်ခဲ့ရာ နံနက် ၁၀ နာရီတွင် နိုင်ငံခြားငါးဖမ်းသင်္ဘော တစ်စင်းအား တွေ့ရှိခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ သင်္ဘောသည် YUH FA No-9 အမည်ရှိ ကျူနာငါးများတန်း ငါးဖမ်းရေယာဉ်ဖြစ်ပြီး ကျောက်တန်းပေါ်တင်၍ ခါးကျိုးလျက်ရှိသည်ကိုတွေ့ရှိရကာ ငါးဖမ်းရေယာဉ်ပေါ်မှ နိုင်ငံခြားသား ရေယာဉ်အမှုထမ်း ၁၁ ဦးအား ကယ်တင်နိုင်ခဲ့ကြောင်း၊ ရေယာဉ်အမှုထမ်းများအား မေးမြန်းစုံစမ်းချက်အရ အဆိုပါ ငါးဖမ်းရေယာဉ်သည် မလေးရှားနိုင်ငံတွင် အခြေစိုက်၍ မြန်မာနိုင်ငံနှင့် ဖက်စပ်ငါးဖမ်းလုပ်ငန်း ဆောင်ရွက်နေသော အမ်တီအိုကုမ္ပဏီ လီမိတက်မှ ရေယာဉ်ဖြစ်ကြောင်း သိရသည်။

ဒုတိယဘေးဒုက္ခကြုံတွေ့မှု ထုတ်လွှင့်ချက်သတင်းရရှိရာ နေရာသို့ အခြားစစ်ရေယာဉ်တစ်စင်းဖြင့် ရှာဖွေခဲ့ရာ အောက်တိုဘာ ၂၄ ရက် နံနက် ၆ နာရီခန့်တွင် ကျောက်တန်းပေါ်၌ တင်နေသော ဗီယက်နမ်ကုမ္ပဏီပိုင် ပနားမားနိုင်ငံ မှတ်ပုံတင် အမ်ဗွီဖူချိုင်းမွန်းအမည်ရှိ ကုန်တင်ရေယာဉ်တစ်စင်းအား တွေ့ရှိခဲ့ကြောင်း၊ အဆိုပါကုန်တင်ရေယာဉ်ပေါ်၌ ရေယာဉ်အမှုထမ်း ၂၆ ဦးပါရှိပြီး ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ တပ်မတော်(ရေ)မှ သင်္ဘောဖြင့် ကယ်တင်နိုင်ခဲ့ကြောင်း၊ အဆိုပါ ဘေးဒုက္ခကြုံတွေ့ခဲ့ရသော သင်္ဘောနှစ်စင်းမှ အမှုထမ်းများအား သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ လွှဲပြောင်းအပ်နှံနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိပြီး လိုအပ်သော အကူအညီများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မုန်တိုင်းအန္တရာယ်ကြုံတွေ့ခဲ့သည့် YUH FA No-9 ကျူနာငါးများတန်း ငါးဖမ်းရေယာဉ်ကို တွေ့ရစဉ်။**
(သတင်းစဉ်)

**မုန်တိုင်းအန္တရာယ်ကြုံတွေ့ခဲ့သည့် အမ်ဗွီဖူချိုင်းမွန်းကုန်တင်ရေယာဉ်ကို တွေ့ရစဉ်။**
(သတင်းစဉ်)

# ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၂၅**

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၄၀)ကို ရန်ကုန်မြို့အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "မြန်မာသင်္ဘောသား ၁၇ဦး ပါဝင်သည့် သင်္ဘောတစ်စင်း တိုင်ဖွန်းမုန်တိုင်းမီဂီကြောင့် နစ်မြုပ်၍ မြန်မာတစ်ဦးသေဆုံး၊ ဆိုင်ကလုန်းမုန်တိုင်းဂီရိမှတ်တမ်း မြန်မာရုပ်ရှင်ကားတစ်ကားကို ဖူးခက်ကျွန်း၌ပထမဆုံး ရိုက်ကူးမည်၊ ကျောက်ဖြူမှကူမင်းအထိ ရထားလမ်းမကြီး ဖောက်လုပ်နေပြီ၊ တွံတေးမြို့တွင် ဗုဒ္ဓဂယာပုံစံတူ တည်ဆောက်မည်၊ ချောင်းသာကမ်းခြေအနီးတွင် ရွှေသောင်ယံပုဂ္ဂလိက အပန်းဖြေကမ်းခြေသစ် ပေါ်ပေါက်လာမည်။

အိန္ဒိယသို့ ရေခဲတောင်အပန်းဖြေ ခရီးစဉ်သစ်စတင်နေ၊ အီတလီ၏အလှဂုဏ်ဆင် ပီဆာမျှော်စင်၊ လမျက်နှာပြင်၌ အဖိုးတန်သတ္တုများနှင့် ရေလည်းရှိကြောင်း လေ့လာတွေ့ရှိ၊ မြေအောက်မိုင်းလုပ်သားများအား ကယ်တင်ခဲ့သည့် ကယ်ဆယ်ရေးလှောင်အိမ်ကို ရှန်ဟိုင်းကုန်စည်ပြပွဲ၌ ပြသမည်၊ ပင်တဂွန်စစ်ဌာန ချုပ်ပစ်ခတ်တိုက်ခိုက်ခံရ၊ မြောက်ကိုရီးယားက တတိယအကြိမ် နျူကလီးယားလက်နက်ပြုလုပ်ဖွယ်ရှိနေ၊ ဆိုက်ဘာအကြမ်းဖက်သမားများသည် ဂျက်လေယာဉ်ကိုပင် ကောင်းကင်မှ ပြုတ်ကျအောင်လုပ်နိုင်ကြောင်း သတိပေး၊ ကမ္ဘာ့ပထမဆုံးရှစ်မြှာပူးမွေးဖွားအောင်ပြုလုပ်ပေးခဲ့သည့် ဆရာဝန်ဆေးကုသခွင့်လိုင်စင် ရုပ်သိမ်းခံရဖွယ်ရှိ၊ ပေါင် ၃၀၀ရှိ ချင်ပန်ဇီတစ်ကောင်မြို့ထဲ၌ သောင်းကျန်း၊ ဘရိတ်ဆီယိုစီးမှုကြောင့် တိုယိုတာကုမ္ပဏီက အမေရိကန်မှ ကားပေါင်းခုနစ်သိန်းခွဲခန့် ပြန်လည်သိမ်းဆည်းခဲ့ရ၊ အင်ဒိုနီးရှား၏ အန္တရာယ်အကြီးဆုံးမီးတောင်ကြီး ပေါက်ကွဲတော့မည်၊ ဂရင်းမာစတာတစ်ဦးကပြိုင်ဘက် ၅၂၃ ဦးနှင့်တစ်ပြိုင်နက်စစ်တုရင်ထိုးပြီး ကမ္ဘာ့စံချိန်တင်၊ ဗင်နီဇွဲလား၏ ပထမဆုံး နျူကလီးယားဓာတ်ပေါင်းဖို ကူညီတည်ဆောက်ပေးရန် ရုရှားသဘောတူ၊ တစ်စင်းလုံး ချောကလက်ဖြင့်ပြုလုပ်ထားသော လှေငယ်ဖြင့် ခရီးထွက်၊ Google Earth နှင့် ယှဉ်ပြိုင်နိုင်မည့် အွန်လိုင်းမြေပုံကြည့် ဝက်ဘ်ဆိုက်ကို တရုတ်က လွှင့်တင်"စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

**ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများရှိ အသား၊ ငါးရောင်းချသည့် ဈေးသည်များအား သား၊ ငါးမှတစ်ဆင့် ကူးစက်ရောဂါပိုးဖြစ်ပွားတတ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရေဝတီတိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာတင်မောင်အေးနှင့် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်မင်းနိုင်တို့ အသေးစိတ်ရှင်းလင်းဆွေးနွေးစဉ်။** (သတင်းစဉ်)

**ဆိုင်ကလုန်းမုန်တိုင်း ဂီရိမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများဖြစ်ကြသော ဒေါ်နီနီဝင်းနှင့် ဒေါ်မြသီဂီ၊ အတွင်းရေးမှူးများဖြစ်ကြသော ဒေါ်ခင်ထားမေနှင့် ဒေါ်မြမြတို့ ငွေကျပ် သိန်း ၃၀ ပေးအပ်လှူဒါန်းရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင် လက်ခံစဉ်။**
(သတင်းစဉ်)

# ရခိုင်ပြည်နယ် ဆိုင်ကလုန်းမုန်တိုင်းဂီရိဒဏ်သင့် ပြည်သူများအတွက် ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၅

**ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့သို့ ဝင်ရောက်တိုက်ခတ်သွားခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဂီရိဒဏ်သင့် ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေကိုယ်စား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံသည်။**

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နီနီဝင်းနှင့် ဒေါ်မြသီဂီ၊ အတွင်းရေးမှူးများဖြစ်ကြသော ဒေါ်ခင်ထားမေနှင့် ဒေါ်မြမြတို့က ငွေကျပ်သိန်း ၃၀၊ Action Aid (Myanmar)အဖွဲ့က မာမား ခေါက်ဆွဲခြောက်ထုပ် ၈၀၀၀၊ ရန်ကုန်ပဲဆီသန့် ၂၅ ကျပ်သားပါ ဘူး ၁၀၀၀၊ ဇီယာဆန်အိတ် ၈၅ အိတ် စုစုပေါင်းတန်ဖိုးငွေကျပ် ၄၀၃၅၀၀၀၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီခန့်စည်သူက ငွေကျပ် ၁၀ သိန်း၊ ပေါင်းစည်းလုပ်အားအကူ အညီပေးရေးအဖွဲ့ (Network Activities Group - NAG ) မှ ဒါရိုက်တာ ဦးညွှန့်သိန်းက ဇီယာဆန်အိတ် ၅၀ တို့ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## အင်အားပြင်း မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် အောက်တိုဘာ ၂၅**

ယနေ့ ည ၉ နာရီ ၁၇ မိနစ် ၄၆ စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက် မိုင် ၁၄၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားတောင်ပိုင်း) နေရာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၇ ဒသမ ၅ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

# ယနေ့ ကမ္ဘာ့ရာသီဥတုမှာ ယခင်ကကဲ့သို့ ပုံမှန်အနေအထားမျိုးမဟုတ်ဘဲ ပြောင်းလဲမှုများဖြစ်ပေါ် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများ ခိုင်ခိုင်မာမာဖြစ်စေရန် ဆက်လက်ပြင်ဆင်ထား



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘိုကလေးမြို့ ခုတင် (၁၀၀) ဆံ့ဆေးရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

◆ ရှေ့ဖုံးမှ

ဆေးရုံ၏ ပင်မဆောင် လေးဆောင်ဖြစ်သော ပြင်ပလူနာဌာန၊ အထွေထွေကုသဆောင်၊ မီးယပ်သားဖွားနှင့် ကလေးကုသဆောင်၊ အရိုး၊ အကြောနှင့် ခွဲစိတ်ကုသဆောင်များ ဖွဲ့စည်းတည်ဆောက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက ဆေးရုံအသစ်ကို ခိုင်ခံ့သပ်ရပ်စွာ တည်ဆောက်ရေး၊ ယခင်ဆေးရုံအဟောင်းကို ပြင်ပလူနာဌာနအဖြစ် ပြင်ဆင်မွမ်းမံဆောင်ရွက်ရေး မှာကြားသည်။

## ခုတင် (၁၀၀) ဆံ့ဆေးရုံ

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့်အဖွဲ့ဝင်များသည် ဘိုကလေးမြို့ ခုတင် (၁၀၀)ဆံ့ဆေးရုံ တည်ဆောက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ ခုတင်(၁၀၀)ဆံ့ ဆေးရုံပုံစံငယ်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

တည်ဆောက်လျက်ရှိသော ဘိုကလေးမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံသည် မြေဧက ၃၁ ဒသမ ၉ ဧကပေါ်၌တည်ရှိပြီး ဆေးရုံ၏ ကြမ်းခင်းဧရိယာမှာ စတုရန်းပေ ၅၇၄၄၀ ရှိသည်။ ဆေးရုံသစ်၌ ပြင်ပလူနာဌာန၊ အထွေထွေကုသဆောင်၊ မီးယပ်သားဖွားနှင့် ကလေးကုသဆောင်၊ အရိုးအကြောနှင့် ခွဲစိတ်ကုသဆောင် စသည့် ပင်မအဆောင် လေးဆောင်ပါဝင်ပြီး ပင်မဆောင်၏ အရွယ်အစားမှာ ၂၂၂ ပေ × ၆၂ ပေရှိကာ လူနာဆောင်များ၏ အရွယ်အစားမှာ ၂၂၂ ပေ × ၅၂ ပေ ရှိသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ဘိုကလေးမြို့မှ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအား ဒေသ၏ လူမှုရေး၊ စီးပွားရေး အခြေအနေများကို မေးမြန်းပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ဘိုကလေးမြို့၏ မြို့ပြစည်ပင် ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားအထူးအဖွဲ့ (၅) က တာဝန်ယူတည်ဆောက်လျက်ရှိသော ဘိုကလေး မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

## စီမံကိန်းဆိုင်ရာများ တင်ပြ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ဘိုကလေးမြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဘိုကလေးမြစ်ကူးတံတားသည် ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက်စီမံကိန်း တွင် ပါဝင်သည့် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းနှင့် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း နှစ်ခုကို ပေါင်းကူးဆက်စပ်ပေးမည့် တံတားဖြစ်သည်။ ဘိုကလေးမြို့မှ ၎င်းတံတားကြီးကို ဖြတ်သန်း၍ မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြသို့လည်း လွယ်ကူစွာဖြင့် သွားရောက်နိုင်မည်ဖြစ်သည်။

ဘိုကလေးမြစ်ကူးတံတားသည် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်းပေါ်၌ တည်ရှိသည့် တံတားတစ်စင်းဖြစ်ပြီး တံတားအရှည် ၃၇၆၆ ပေ၊ တံတားအကျယ် ၂၈ ပေရှိမည်ဖြစ်၍ ယာဉ်တစ်စီးချင်း အလေးချိန် ၇၅ တန် ခံနိုင်ဝန်အားရှိသော တံတားဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလမ်းမကြီး ၁၁ လမ်း၏ လမ်း၊ တံတား လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ၌ ၂၀၀၈ ခုနှစ် မေ ၂ ရက်တွင် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသသို့ နာဂစ်မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် ဖြစ်ရပ်ကြောင့် နိုင်ငံတော်အကြီးအကဲက ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံချက် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ကြောင်း။

## လမ်း ၁၁ လမ်း ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မိန့်ကြားချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၂၀၀၈ ခုနှစ် ဇွန် ၉ ရက်တွင် လမ်းမကြီးသုံးခုကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ကွင်းဆင်းစစ်ဆေးသော ခရီးစဉ်များတွင် ထပ်မံ၍ လမ်းကြီးရှစ်လမ်း တိုးမြှင့်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့သဖြင့် စုစုပေါင်း လမ်း ၁၁ လမ်း ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြပြီးနောက် ၂၀၁၀ ခုနှစ် အောက်တိုဘာ ၂၂ ရက်အထိ ဆောင်ရွက်ပြီးစီးခဲ့သော လမ်းကြီး ၁၁ လမ်း၏ လမ်း၊ တံတားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဆက်လက်တင်ပြရာတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းလမ်းမကြီးများမှာ မအူပင်-ရေလဲကလေး-ရွှေတောင်မျှော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း ၄၃ မိုင် ၅ ဖာလုံ၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း ၆၉ မိုင် ၃ ဖာလုံ၊ လပွတ္တာ-သက်န်းကြီး-ပြင်စလူလမ်း ၃၅ မိုင် ၂ ဖာလုံ၊ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း ၃၉ မိုင်၊ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်း ၄၁ မိုင် ၂ ဖာလုံ၊ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း ၃၈ မိုင် ၅ ဖာလုံ၊ ဖျာပုံ-ကျုံကဒွန်း-ဒေါငြိမ်း-အမာလမ်း ၅၁ မိုင် ၅ ဖာလုံ၊ ကျုံကဒွန်း-စက်ဆန်းလမ်း ၁၉ မိုင် ၁ ဖာလုံ၊ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း ၉၆ မိုင်၊ ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြလမ်း ၆၆ မိုင်၊ ပုသိမ်-ငပုတောလမ်း ၂၀ မိုင်တို့ဖြစ်ကြောင်း၊ လမ်းကြီး ၁၁ လမ်း၏ စုစုပေါင်းအရှည်မှာ ၅၂၀ မိုင် ၇ ဖာလုံရှိပါကြောင်း။

လမ်းမကြီးများပေါ်ရှိ တံတား ၅၀၈ စင်းအနက် ၄၅၆ စင်း ပြီးစီးနေပြီဖြစ်ပြီး ဆောက်လုပ်ဆဲတံတား ၄၈ စင်းနှင့် တည်ဆောက်ရန် တံတားလေးစင်း ရှိပါကြောင်း။

အဆိုပါလမ်း ၁၁ လမ်းကို ဆောက်လုပ်ရေး လမ်းအထူးအဖွဲ့ရှစ်ဖွဲ့၊ ကုမ္ပဏီအဖွဲ့ ၂၃ ဖွဲ့ ပေါင်း ၃၁ ဖွဲ့နှင့် တံတားအထူးအဖွဲ့ ၁၆ ဖွဲ့၊ ကုမ္ပဏီအဖွဲ့နှစ်ဖွဲ့ ပေါင်း ၁၈ ဖွဲ့ စုစုပေါင်း ဆောက်လုပ်ရေးအဖွဲ့ ၂၄ ဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ ၂၅ ဖွဲ့တို့ ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက ယခု ဧရာဝတီတိုင်းဒေသကြီး အတွင်း နိုင်ငံတော်က တည်ဆောက်ပေးလျက်ရှိသည့် **စာမျက်နှာ ၅ ကော်လံ ၁ သို့**

- **တည်ဆောက်လျက်ရှိသော ဘိုကလေးမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံသည် မြေဧက ၃၁ ဒသမ ၉ ဧကပေါ်၌ တည်ရှိ။**
- **ဆေးရုံ၏ ကြမ်းခင်းဧရိယာမှာ စတုရန်းပေ ၅၇၄၄၀ ရှိ။**
- **ဆေးရုံသစ်၌ ပြင်ပလူနာဌာန၊ အထွေထွေကုသဆောင်၊ မီးယပ်သားဖွားနှင့် ကလေးကုသဆောင်၊ အရိုးအကြောနှင့် ခွဲစိတ်ကုသဆောင် စသည့် ပင်မအဆောင် လေးဆောင်ပါဝင်။**
- **ပင်မဆောင်၏ အရွယ်အစားမှာ ၂၂၂ ပေ × ၆၂ ပေရှိကာ လူနာဆောင်များ၏ အရွယ်အစားမှာ ၂၂၂ ပေ × ၅၂ ပေရှိ။**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၆-၁၀-၂၀၁၀ (အင်္ဂါနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "အဘိဓမ္မာအခါတော်နေ့နှင့် ပဝါရဏာနှစ်မည်ရ"တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ) |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၅၅)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၂)** |
| ၈း၅၀ | Activities In The City -ကေတုမတီတောင်ငူမြို့ နှစ်(၅၀၀) ပြည့်ဓာတ်ပုံပြပွဲ၊ ပြိုင်ပွဲအကြောင်း ကြိုတင်သတင်းပေးပွဲ -Asia General Electric ကုမ္ပဏီ၏ ISO လက်မှတ် လွှဲပြောင်းခြင်း |
| ၉း၁၅ | ကြည်နူးစွာပ ကာလဝါဆို. . . ဆွမ်းကြီးလောင်းတဲ့ မြို့ရွှေဘို |
| ၉း၃၀ | Cartoon Show Time (Tinker Bell And The Great Fairy Rescue) |
| ၁၀း၁၀ | တစ်ပြည်ဝင်အိုး (အကယ်ဒမီ ဇော်ဦး၊ ခိုင်ခန့်၊ မျိုးစန္ဒီကျော်၊ အာကာစိုး၊ အကယ်ဒမီ နွဲ့နွဲ့မူ) [ဒါရိုက်တာ ဝင်းမောင်ရွှေ (Art)] |
| ၁၀း၄၀ | Celebrity Style (မြသဥ္ဇာလီ) |
| ၁၁း၅၀ | စကားဝါမြေမှ ပွဲတော်တစ်ခု |
| ၁၁း၁၀ | International Show Biz |
| ၁၁း၁၅ | နှလုံးရောဂါများအကြောင်း |
| ၁၁း၄၀ | MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား" (အပိုင်း-၁၂) |
| ၁၂း၀၅ | သင်ကြားရေးလမ်းညွှန် (Imperial Merit) |
| ၁၂း၃၀ | ရန်ကုန်မြင်ကွင်းကျယ် မိခင်လောင်းတို့ သိကောင်းစရာ အဖြာဖြာ |
| ၁း၀၀ | "အဘိဓမ္မာအခါတော်နေ့နှင့် ပဝါရဏာနှစ်မည်ရ"တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | Wedding Season |
| ၂း၅၀ | မိသားစုများ စိတ်ချမ်းမြေ့စေဖို့ "မိုးပုလဲ"မှာ ဝယ်ကြစို့ |
| ၃း၀၅ | စာအုပ်စာပေ လူ့မိတ်ဆွေ (စာရေးဆရာမ ဒေါက်တာ ဒဂုံ ခင်သဇင်နှင့် တွေ့ဆုံခြင်း) |
| ၃း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၅၅)** |
| ၄း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၂)** |
| ၅း၀၀ | The Champion of Dance |
| ၅း၃၀ | MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၁၂) |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | နာမည်ဆိုးနှင့် ကျော်ကြားသော (တတိယပိုင်း) |
| ၆း၄၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၅၆)** |
| ၇း၁၅ | Celebrity Choice (ရေဗက္ကာဝင်း) |
| ၈း၀၀ | **MRTV-4 သတင်း** -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် -ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ) |
| ၈း၃၀ | သူတို့ဘဝသူတို့ဟာသ (ဦးရန်အောင်) |
| ၉း၀၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၃)** |
| ၁၀း၂၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၄၀ | ပို့ဆောင်ပေးမည် တလမွန်နှင့် မွန်ပြည်နယ်ဆီ |
| ၁၀း၅၅ | စာအုပ်ပြခန်း (Beauty Magizine တာဝန်ခံအယ်ဒီတာ ကိုမျိုး IR နှင့် တွေ့ဆုံခြင်း) |
| ၁၁း၁၅ | တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (နိုင်ငံတကာဆုရ မြန်မာ့ တိုင်းရင်းအလှ မွေးငါးများ) |
| ၁၁း၃၀ | ရန်ကုန်မြင်ကွင်းကျယ် မိခင်လောင်းတို့ သိကောင်းစရာ အဖြာဖြာ |
| ၁၁း၅၀ | ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင် မွေးမိခင် (အကယ်ဒမီ ထွန်းထွန်းဝင်း၊ အကယ်ဒမီ မေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင်) [ ဒါရိုက်တာ- အောင်မိုး(ပဲရစ်)] |
| ၁၂း၀၅ | World of Knowledge (Seconds From Disaster: Alpine Tsunami) |
| ၁၂း၅၅ | ဆန့်ကျင်ကာကွယ် ဆေးလိပ်အန္တရာယ် [ဒေါက်တာ အေးကျော် (ဇီဝကမ္မဗေဒ)] |
| ၁း၂၀ | လွယ်ကူမြန်ဆန်စေရာ. . . စံမြန်မာ |
| ၁း၃၅ | ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Lucky Prise Floral Service ၏ ပန်းအလှပြုလုပ်နည်း) |
| ၁း၅၅ | မြို့ပြနှင့် ဘောလုံးယဉ်ကျေးမှု |
| ၂း၃၀ | Movie Mistakes (Spider Man) |
| ၂း၅၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၃း၅၅ | မြို့အလှဂုဏ်ကြွယ်. . . ရိုးရာစားဖွယ် |
| ၄း၀၅ | အလှဆင်စရာ ပရိဘောဂကမ္ဘာ (ရွှေမှီပရိဘောဂ) |
| ၄း၂၀ | မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက် |
| ၅း၀၀ | အစီအစဉ်ပြီး။ |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

✪ စာမျက်နှာ ၄ မှ

လမ်းကွန်ရက်နှင့် အဆိုပါလမ်းများပေါ်ရှိ တံတားများ တည်ဆောက်မှုလုပ်ငန်းများမှာ ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်၍ ဧရာဝတီတိုင်းဒေသကြီး၏ လမ်းပန်းဆက်သွယ်မှု အခြေအနေမှာ အထူးကောင်းမွန်နေကြောင်း၊ လမ်းများကိုလည်း ရာသီမရွေး သွားရောက်နိုင်သည့် အမာခံလမ်းများအဖြစ် ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်သွားရာတွင် ကတ္တရာလမ်းများအစား လွယ်ကူမြန်ဆန်စွာ ဝန်ဆောင်ပေးနိုင်သည့် ကွန်ကရစ်လမ်းများအဖြစ် တည်ဆောက်နိုင်ရေးအတွက် အမာခံကောင်းသည့် လမ်းတစ်လမ်းကို ရွေးချယ်ပြီး ကွန်ကရစ်လမ်းအဖြစ် စမ်းသပ်လမ်းခင်းရန် မှာကြားသည်။

## မှာကြားလမ်းညွှန်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း လမ်း၊ တံတားတည်ဆောက်ခြင်း တိုးတက်ပြီးစီးမှု အခြေအနေပြ မြေပုံကားချပ်ကို ကြည့်ရှုစစ်ဆေးကြပြီး သိရှိလိုသည်များကို မေးမြန်း၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားလမ်းညွှန်သည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြစ်ကူး တံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှ ကြည့်ရှုစစ်ဆေးကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ဖျာပုံခရိုင် ဖျာပုံမြို့သို့

မေလအတွင်းက နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသော်လည်း နိုင်ငံတော်အစိုးရကဦးဆောင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝိုင်းဝန်းကူညီ၍ ဒေသခံပြည်သူများ၏ လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်း စသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အမြန်ဆုံး ပြန်လည်ထူထောင် ဆောင်ရွက်ပေးခဲ့သဖြင့် ယနေ့ဆိုလျှင် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိပြီး အသားကျသလောက် ရှိနေပြီဟု ဆိုရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဤဒေသအတွင်း နေထိုင်သည့် ပြည်သူအားလုံးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကာယကံရှင်များကိုယ်တိုင်ကလည်း နိုင်ငံတော်က ပံ့ပိုးကူညီပေးသည့် အခြေခံကောင်းများကို အားယူပြီး မိမိတို့ လူနေမှုဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရမည် ဆိုသည့်စိတ်ဓာတ်ဖြင့် ဝီရိယစိုက်ထုတ်ပြီး ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

## သဘာဝအခြေခံကောင်းများရှိ

ဤဒေသသည် ကြိုးစားလျှင် ကြိုးစားသလောက် ကြီးပွားတိုးတက်နိုင်သည့် သဘာဝအခြေခံကောင်းများ ရှိနေပြီးဖြစ်၍ ဝင်ငွေရှာဖွေရန် လွယ်ကူသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ အရေးကြီးသည်မှာ မိမိတို့ ကြိုးစားပမ်းစား ရှာဖွေရရှိလာသည့် ဝင်ငွေကို မမှန်မကန်ဖြုန်းတီးသည့်သဘော သုံးစွဲတာမျိုးမဖြစ်စေဘဲ စနစ်တကျ အကျိုးရှိရှိ မှန်မှန်ကန်ကန်သုံးစွဲသွားမှသာ မိမိတို့ လူနေမှုဘဝ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒေးဒရဲမြို့ မြို့နယ်ခန်းမ၌ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ရောက်ရှိကြရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့၏ ဖွံ့ဖြိုးစည်ပင်သာယာတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့ ခုတင်(၂၀၀) တိုးချဲ့ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဦးညီညီမင်းနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့ ခုတင်(၂၀၀) တိုးချဲ့ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ဆေးရုံအုပ်ကြီးက ဒေသခံပြည်သူများ ဆေးရုံတက်ရောက်ကုသနိုင်မှုအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ဒေးဒရဲမြို့သို့ မွန်းလွဲ ၂ နာရီတွင် ရောက်ရှိကြသည်။

ယနေ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအခြေအနေမှာ ယခင်ကကဲ့သို့ ပုံမှန်အနေအထားမျိုးမဟုတ်ဘဲ ပြောင်းလဲမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများကို ရပ်တန့်မသွားစေဘဲ ခိုင်ခိုင်မာမာဖြစ်နေရန် ဆက်လက်ပြင်ဆင်ထားကြရန်လိုကြောင်း၊ ဥပမာ-နိုင်ငံတော်က အခြေခံအဖြစ် တည်ဆောက်ပေးခဲ့သည့် မိမိတို့နေအိမ်များကို ပိုမိုခိုင်ခံ့အောင် ပြုပြင်ဆောင်ရွက်ခြင်းများ ပြုလုပ်ခြင်းဖြင့် ရေရှည်အသုံးပြုနိုင်ခြင်းမျိုးဖြစ်ကြောင်း။

## အခြေခံလိုအပ်ချက်

ဒေသတစ်ခု တိုးတက်ဖွံ့ဖြိုးရေးဆိုရာတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အဓိကအကျဆုံးနှင့် အလိုအပ်ဆုံးဖြစ်ကြောင်း၊ တစ်နည်းပြောရလျှင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်မှသာ အခြားသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများပါ တစ်ပါတည်း လိုက်ပါဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖျာပုံမြို့ ခုတင်(၂၀၀) တိုးချဲ့ပြည်သူ့ဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းပန်းဆက်သွယ်မှု ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ယခုအခါ မိုင်အားဖြင့် မိုင် ၅၂၀ ခုနစ်ဖာလုံရှိသည့် လမ်းမကြီး ၁၁ လမ်းကို ကွန်ရက်ပမာ တစ်ဆက်တစ်စပ်တည်း ပေါက်ရောက်စေရအောင် ဖောက်လုပ်ပေးခဲ့သည့်အပြင် အဆိုပါလမ်းများတွင် လိုအပ်သည့် တံတားကြီး/ငယ် စုစုပေါင်း ၅၀၈ စင်းကိုလည်း တည်ဆောက်ပေးလျက်ရှိရာ ပြီးစီးတော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ယခုကဲ့သို့ ငွေကြေးများစွာ သုံးစွဲကျခံပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ပေးနေခြင်းမှာ ဒေသခံပြည်သူများ လူနေမှုဘဝ တစ်နေ့တခြား တိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအပိုင်းကလည်း မိမိတို့ ယခုလက်ရှိဘဝမှသည် နောင်သားစဉ်မြေးဆက်ကာလများတိုင်အောင် တိုးတက်မှုများ ဆက်တိုက် ဖြစ်ပေါ်ရရှိအောင် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားခဲ့သည်။ (သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးတင့်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့်အဖွဲ့ဝင်များသည် ဒေးဒရဲမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ဒေးဒရဲမြို့ မြို့နယ်ခန်းမသို့ ရောက်ရှိကြရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်က ဖျာပုံခရိုင်၏ ၂၀၁၀-၂၀၁၁ ခုနှစ် မိုးစပါးစိုက်ပျိုးနိုင်မှု၊ မိုးသီးနှံ (ဟင်းသီးဟင်းရွက်) စိုက်ပျိုးရိတ်သိမ်းပြီးစီးမှု၊ ဆန်၊ ဆီဖူလုံမှု၊ နွေစပါးစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်မှု၊ ဆားထုတ်လုပ်မှု၊ ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းအခြေအနေ၊ ငါးပုစွန်မွေးမြူရရှိမှုအခြေအနေ၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်မှုနှင့် ပြုပြင်ပြီးစီးမှု၊ ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်နိုင်မှု၊ ဆေးရုံသစ်များ ဆောက်လုပ်မှု၊ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနေမှု၊ မြို့နယ်များအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ Cyclone Shelter ဆောက်လုပ်ထားမှုတို့ကို ပုံစံကားချပ်များဖြင့် အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်မေးမြန်းပြီး လမ်းညွှန်မှာကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၀၈ ခုနှစ်

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၆-၁၀-၂၀၁၀ (အင်္ဂါနေ့)**

### နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
၈း၁၅ ၇။ "အမျိုးနှင့်မျိုး"
၈း၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

### ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ နိုင်ငံတော်သံစုံတီးဝိုင်းနှင့် နိုင်ငံတော်ဆိုင်းဝိုင်းကြီးအဖွဲ့ ဖျော်ဖြေခန်း
၄း၃၅ ၄။ အကပြိုင်ပွဲ
၄း၅၅ ၅။ "မနိုင်သောအရှုံး"
၅း၀၀ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
၅း၁၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ ၈။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၅း၃၀ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
၅း၄၅ ၁၀။ "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀ ၁၄။ ဆိုလိုက်ကြစို့
၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၂)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် (ဒုတိယအကြိမ်)
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ရယ်စရာဟာသများ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံး ချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၁)**
၂၂။ "ရုပ်ရှင်ပဟေဠိ"
၂၃။ အစီအစဉ်ပြီး၏။

■ ကျောဖုံးမှ

အုပ်ချုပ်သူများက မိုးနည်းရေရှားရပ်ဝန်းများအတွက်သာ ဆည်တမံပေါင်း ၆၉ ခု တည်ဆောက်ပေးခဲ့ပြီး အကျိုးပြု မြေဧရိယာ ၈၅၃၂၈၄ ဧက ရှိခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ ထို့အတူ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း ဆည်တမံပေါင်း ၆၉ ခုသာ ထပ်မံတည်ဆောက်ပေးနိုင်ခဲ့ပြီး အကျိုးပြု မြေဧရိယာ ၄၈၂၉၁၅ ဧကသာရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ၁၉၈၈ခုနှစ် မတိုင်မီကာလက ဆည်တမံပေါင်း ၁၃၈ခုဖြင့် တန့်နေခဲ့သည်။ ထိုစဉ်က ယင်းဆည်တမံများ၏ အရွယ်အစားမှာလည်း ပမာဏသေးငယ်သည့် ဆည်ငယ်၊ ကန်ငယ်များသာ ဖြစ်သည်။ ထိုဆည်ငယ်၊ ကန်ငယ်များကိုသာ အားကိုးခဲ့ရပြီး မြစ်ရေတင်လုပ်ငန်းများမှာ မရှိသလောက်ပင်ဖြစ်သည်။ တောင်သူလယ်သမားများမှာ ဖြစ်သည့်နည်းဖြင့် ရေသွင်းစိုက်ပျိုးခဲ့ကြရသဖြင့် စိုက်ဧက ၁ ဒသမ ၃သန်းသာ အသုံးချနိုင်ခဲ့သည်။

၁၉၈၈ခုနှစ်ကာလသို့ ရောက်သောအခါတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေဧရိယာဧကမှာ ၂၃ ဒသမ ၈ သန်းကျော်သာရှိသည်ကို တွေ့ရသည်။ ကျန်ရှိနေသေးသော မြေလွတ်မြေရိုင်းဧက ၂၆ သန်းကျော်ကို ထိထိရောက်ရောက် အသုံးမချနိုင်ခဲ့ချေ။ ထိုစဉ်က စပါးစိုက်ဧက ၁၁သန်း ကျော်မျှသာ ရှိခဲ့သောကြောင့် စိုက်ပျိုးရေးစွမ်းအား ကျဆင်းနေသည်ဟု ဆိုရမည် ဖြစ်သည်။ စပါးထုတ်လုပ်မှုသည် တင်းသန်းပေါင်း ၆၃၀ ကျော်မှ တက်မလာတော့ချေ။ ထိုအခြေအနေကို ရိပ်စားမိသဖြင့် နိုင်ငံတော် အစိုးရက စိုက်ပျိုးစွမ်းအား မြင့်မားရေး အစီအမံများကို စတင်ဖန်တီးတော့သည်။

နိုင်ငံတော်အစိုးရသည် တိုးတက်လာသော လူဦးရေနှင့် လိုက်လျောညီထွေရှိစေရန် ပြည်တွင်းစားသုံးမှု ဖူလုံစေရေး၊ ပိုလျှံသီးနှံများကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေရရှိစေရေး၊ ဒေသအတွင်း လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးတို့အတွက် ဆန်စပါးနှင့် သီးနှံအမျိုးမျိုးကို စိုက်ပျိုးထုတ်လုပ်နိုင်ရန် "မြေပိုအသုံးကျဖို့ ရေကိုအသုံးချရမည်" ဆိုသည့် ဆောင်ပုဒ်အတိုင်း လိုအပ်သော စိုက်ပျိုးရေရရှိရေးအတွက် မြေသယံဇာတများကို နည်းလမ်းပေါင်းစုံဖြင့် ရှာဖွေဖော်ထုတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

နေပြည်တော်ခရိုင် ဖောင်းလောင်ချောင်းပေါ်၌ တည်ဆောက်ထားသော မြေဧက ၄၀၀ အကျိုးပြု ဖောင်းလောင်ရေလှောင်တမံ၏ ရေပိုလွှဲကို တွေ့ရစဉ်။

နိုင်ငံတော်အစိုးရသည် အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် စိုက်ပျိုးရေးကဏ္ဍကို အခြေခံထားခဲ့သည်။ စိုက်ပျိုးရေးကဏ္ဍမြင့်မားတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် စိုက်ပျိုးရေ ရရှိရေး ဆည်တမံစီမံကိန်း၊ မြစ်ရေတင်စီမံကိန်းနှင့် မြေအောက်ရေရရှိရေး စီမံကိန်းများကို အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသည်။ ယခင်က မိုးရေတစ်ခုတည်းကိုသာ အားထားပြီး စိုက်ပျိုးကြရသည်။ မိုးနည်းရပ်ဝန်း အညာဒေသများတွင် ဆည်ငယ်များမှ မစို့မပို့ ရေနှင့် လာနိုးငယ်မျှော်ရသော မိုးကိုသာ အားကိုးခဲ့ရသည်။ ရွှေကိုမလို ရေကိုသာလိုသော အညာဒေသများအတွက် မိုးကိုသာ အားကိုးတကြီး မျှော်လင့်ခဲ့ရသည်။ ထို့ကြောင့် တစ်သီးစားဘဝနှင့်သာ ကျေနပ်ခဲ့ကြရသည်။

မြန်မာနိုင်ငံအောက်ပိုင်း အချို့ဒေသများအနေဖြင့် မိုးရွာသွန်းမှုများ ပြီးနှစ်စဉ်ရေကြီး နစ်မြုပ်မှုကြောင့် ရေနက်ကွင်းများ ဖြစ်ပေါ်ခဲ့ရသည်။ ထိုဒေသများတွင် မိုးရာသီ ကုန်ဆုံးချိန်ရောက်မှသာ စိုက်ပျိုးရသည့်အတွက် သီးနှံအထွက်နှုန်း ဖြစ်ထွန်းမှု မရှိသည်ကို တွေ့ရသည်။ ရေရရှိမှု၊ မရရှိမှု အပေါ်မူတည်၍ စပါးအထွက်နှုန်းသည်လည်း ကွာခြားခဲ့ရသည်။

ထိုအခြေအနေများကို ကုစားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရသည် ရေရရှိရေးနှင့် ရေထိန်းသိမ်းရေး အစီအမံများကို စတင်ဖန်တီးတော့သည်။ ရေသယံဇာတ စုဖွဲ့နိုင်သော နေရာများတွင် ဆည်တမံများကို တစ်လလျှင် တစ်ဆည်နှုန်း ဖွင့်လှစ်နိုင်အောင် စီမံဆောင်ရွက်သည်။ ဆည်တမံလွတ်သည့်နေရာတွင် မြေအောက်ရေရရှိရေး လုပ်ငန်းများကို တစ်ဖက်က ဆောင်ရွက်သည်။ ဆည်တမံ၊ မြေအောက်ရေလွတ်သည့် မြစ်နီးနေရာများတွင် မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော်သည်။ ရေကြီးကွင်း၊ ရေနက်ကွင်းများအတွက် အောင်ရေကို လိုသလိုထိန်းချုပ် အသုံးပြုနိုင်ရန် ရေထိန်းတံခါးများကို ဖြန့်ကြက် ဖော်ဆောင်ပေးခဲ့သည်။

နိုင်ငံတော်က ဆည်တမံနှင့် ရေထိန်းတံခါးများကို ၁၉၈၈ခုနှစ်မှ မျက်မှောက်ကာလအထိ တည်ဆောက်ပေးခဲ့ရာ၌ ကယားပြည်နယ်တွင် နှစ်ခု၊ ကရင်ပြည်နယ်တွင် တစ်ခု၊ ချင်းပြည်နယ်တွင် တစ်ခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၇ခု၊ တနင်္သာရီတိုင်းဒေသကြီးတွင် တစ်ခု၊ ပဲခူးတိုင်းဒေသကြီးတွင် ၄၈ခု၊ မကွေးတိုင်းဒေသကြီးတွင် ၄၇ခု၊ မန္တလေးတိုင်းဒေသကြီးတွင် ၅၅ခု၊ မွန်ပြည်နယ်တွင် ၁၁ခု၊ ရခိုင်ပြည်နယ်တွင် ခြောက်ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၉ခု၊ ရှမ်းပြည်နယ်တွင် ခြောက်ခုနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ကိုးခု စုစုပေါင်း ၂၃၃ခု တည်ဆောက်ပေးခဲ့သဖြင့် လယ်မြေဧကပေါင်း ၂၈၂၇၂၅၅ ဧက အထိ စိုက်ပျိုးရေ တိုးတက်လာခဲ့ပြီဖြစ်သည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာရှိ ဒါးဆိပ်မြစ်ရေတင်စီမံကိန်းကို တွေ့ရစဉ်။

ထို့ပြင်မက ဆည်တမံများ တည်ဆောက်ရန်ခက်ခဲသည့် နေရာဒေသများ၌ မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာတွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၃၆ခုမှ လယ်ယာမြေဧက ၃၈၁၆၀၈အတွက် အကျိုးပြုစိုက်ပျိုးရေများ ရရှိလာသည်။ ဒီဇယ်အင်ဂျင်ဖြင့် မြစ်ရေတင်လုပ်ငန်း ၁၉၁ ခု ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် လယ်ယာမြေဧက ၁၁၅၁၉၈ ဧက အတွက် စိုက်ပျိုးရေများ တိုးတက်ရရှိနေပြီး ဖြစ်သည်။ သို့ဖြစ်ရာ မြစ်ရေတင်လုပ်ငန်း စုစုပေါင်း ၃၂၇ခုရှိခဲ့ပြီး အကျိုးပြုဧရိယာ ဧကပေါင်း ၄၉၆၉၀၅ ဧကအထိ တိုးတက်အကျိုးပြုနိုင်ခဲ့ပြီ ဖြစ်သည်။

ထို့အပြင် မြေအောက်ရေ ထုတ်ယူသုံးစွဲရေး လုပ်ငန်းများအနေဖြင့် စိုက်ပျိုးမြေ ၉၉၈၃၄ ဧက ကို ရေပေးဝေနိုင်သည့် တွင်းတိမ် စက်ရေတွင်းနှင့် တွင်းနက်စက်ရေတွင်း စုစုပေါင်း ၈၁၃၇တွင်းကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။ ထို့အတူ ချောင်းမြောင်းတမံ ပိတ်ဆို့ပေးမှု၊ လက်ရိုက်တွင်း၊ ရေလျှံတွင်း တူးဖော်ပေးမှုများသည်လည်း ဆည်မြောင်းလက်တံမရောက်နိုင်သော စိုက်ပျိုးမြေ ဧရိယာဧက ၁၈၄၅၇၀အတွက် စိုက်ပျိုးရေစုစည်း ရရှိစေခဲ့သည်။ ထို့ကြောင့် ဆည်တမံနှင့် ရေထိန်းတံခါး၊ မြစ်ရေတင်၊ မြေအောက်ရေလုပ်ငန်းများအနေဖြင့် ရေသွင်းစိုက်ပျိုးမှုအတွက် စုစုပေါင်း စိုက်ပျိုးဧရိယာ ဧကပေါင်း ၃ ဒသမ ၈သန်းကျော်ကို အထောက်အကူပြုပေးနိုင်ခဲ့သည်။

ထိုသို့ အထောက်အကူပြုနိုင်စေရန်အတွက် စိုက်ပျိုးမြေများကိုလည်း ဖော်ထုတ်ပေးခဲ့သည်။ ယခင်ခေတ်ကာလက စိုက်ပျိုးမြေဧက ၂၃ ဒသမ ၈ သန်းကျော်သာရှိခဲ့သော အခြေအနေကိုကျော်လွန်ကာ လက်ရှိကာလတွင် စိုက်ပျိုးမြေ ဧက ၅၃ ဒသမ ၁ သန်းကျော်အထိ ရှိလာသောကြောင့် စိုက်ပျိုးမြေဧက ၂၉ ဒသမ ၃ သန်းကျော် တိုးတက်မှုရှိခဲ့သည်ကို တွေ့ရသည်။ ထို့ပြင်မက စိုက်ပျိုးမြေများ တိုးတက်ဖြစ်ပေါ်လာစေရန် မြေလွတ်မြေရိုင်းများကိုလည်း ဖော်ထုတ်ပေးခဲ့သည်။ ယခင်ခေတ်ကာလက မြေလွတ်မြေရိုင်း ဧက ၂၆ ဒသမ ၁သန်းကျန်ရှိနေခဲ့ရာ အဆိုပါ မြေလွတ်မြေရိုင်းများကို ဆက်လက်ဖော်ထုတ်လိုက်သဖြင့် စိုက်ပျိုးမြေအသစ်ဧက ၁၁ ဒသမ ၅ သန်း တိုးတက်ဖော်ထုတ်အသုံးချနိုင်ခဲ့သည်။ သို့အတွက် မြေလွတ်မြေရိုင်း ဧက ၁၄ ဒသမ ၆သန်းသာကျန်ရှိတော့ကြောင်း တွေ့ရသည်။ ယခင်ခေတ်ကာလက စပါးစိုက်ပျိုးမှု ဧက ၁၁ ဒသမ ၈ သန်း ကျော်သာရှိပြီး ယနေ့ တိုးတက်ဖော်ထုတ်ဆောင်ရွက်ပေးနိုင်ခဲ့သော ဖော်ပြပါ အခြေအနေများကြောင့် မိုးစပါး စိုက်ပျိုးဧက ၁၇ သန်းကျော်နှင့် နွေစပါးစိုက်ပျိုးဧက ကိုးသိန်းကျော် ရှိလာသဖြင့် စုစုပေါင်း စပါးစိုက်ဧက ၁၈သန်းနီးပါးရှိကာ ဧက ခြောက်သန်းကျော် တိုးတက်လာခဲ့သည်။

စပါးစိုက်ပျိုးမှု တိုးတက်လာသောကြောင့် ဆန်ထွက်ရှိမှုလည်း မြင့်မားလာသည်။ ယခင်က ဆန်တင်းသန်းပေါင်း ၆၃၀ ကျော်သာ ထွက်ရှိသော အခြေအနေမှ ယခုအခါ ဆန်တင်းသန်းပေါင်း ၁၅၆၀ကျော်ထွက်ရှိသည့်အတွက် ဆန်တင်းသန်းပေါင်း ၉၃၀ ကျော် တိုးတက်မှုရှိခဲ့သည်။ ထို့ကြောင့် ဒေသဝမ်းစာဖူလုံမှုရှိလာပြီး ယခင်က ဒေသဝမ်းစာဖူလုံမှု ၁၀၂ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုအခါတွင် ၁၇၃

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ✧

[illegible]

## လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | မြန်မာမင်းများလက်ထက်မှ ၁၉၈၈ ခုနှစ်အထိ | ၂၀၁၀ | တိုးတက်မှု |
|---|---|---|---|---|---|
| ၁ | **မြေသယံဇာတ** | | | | |
| | - စိုက်ပျိုးမြေ | ဧက(သန်း) | ၂၃.၈ | ၅၃.၁ | ၂၉.၃ |
| | - မြေလွတ်မြေရိုင်း | ဧက(သန်း) | ၂၆.၁ | ၁၄.၆ | ၁၁.၅ |
| ၂ | **စပါးတိုးမြှင့်စိုက်ပျိုးမှု** | | | | |
| | - မိုးစပါးစိုက်ဧက | ဧက(သန်း) | ၁၁.၉ | ၁၇.၀ | ၆.၉ |
| | - နွေစပါးစိုက်ဧက | ဧက(သိန်း) | - | ၉.၂ | ၉.၂ |
| | - စုစုပေါင်းစပါးစိုက်ဧက | ဧက(သန်း) | ၁၁.၉ | ၁၇.၉ | ၆.၈ |
| | - စုစုပေါင်းဆန်ထုတ်လုပ်မှု | တင်း(သန်း) | ၆၃၀ | ၁၅၆၀ | ၉၃၀ |
| | - နိုင်ငံဝမ်းစာဖူလုံမှု | ရာခိုင်နှုန်း | ၁၀၂ | ၁၇၃ | ၇၁ |
| ၃ | သီးထပ်သီးညှပ်စိုက်ပျိုးမှု | ဧက(သန်း) | ၃.၈ | ၂၀ | ၁၆.၂ |

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နွေစပါး၊ မိုးစပါးများ စိုက်ပျိုးနိုင်ရန် မြစ်ရေတင် စီမံကိန်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။

✧ စာမျက်နှာ ၆ မှ

ရာခိုင်နှုန်း ရှိလာသဖြင့် ၇၁ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့သည်။

ရေသွင်းစိုက်ပျိုးနိုင်မှုတွင် ယခင်က ဧက ၁ ဒသမ ၃ သန်း ကျော်အတွက်သာ ရေပေးသွင်းနိုင်ခဲ့ရာမှ ယခုအခါတွင် ၃ ဒသမ ၈ သန်းကျော်အထိ ရေပေးသွင်းနိုင်သောကြောင့် ရေသွင်းဧက နှစ်သန်း ကျော်တိုးတက်မှုရှိခဲ့သည်။ ထိုသို့ ရေပေးသွင်းနိုင်မှုကြောင့် သီးထပ်သီးညှပ်များ တိုးတက်စိုက်ပျိုးနိုင်ခဲ့ရာ ယခင်သီးထပ်သီးညှပ် ဧက ၃ ဒသမ ၈ သန်းသာ စိုက်ပျိုးခဲ့ရာမှ ယခုအခါ ဧကသန်း၂၀နီးပါး တိုးတက်စိုက်ပျိုးနိုင်သဖြင့် စုစုပေါင်းစိုက်ဧက ၁၆ သန်းခန့် တိုးတက်မှုရှိခဲ့သည်။ ထို့အပြင် မျက်မှောက်ကာလ၌ ကုန်းမြင့် လယ်ယာများ ဖော်ထုတ်ပေးခဲ့ရာ ဧကပေါင်း ၂၆၀၀၀ ကျော် တိုးတက်လာခဲ့သည်ကိုလည်း တွေ့ရှိရသည်။

၁၉၈၈ခုနှစ် မတိုင်မီ အခြေအနေများနှင့် ၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံတော်အစိုးရလက်ထက် တာဝန်ယူဆောင်ရွက်နေသည့် စိုက်ပျိုးရေးအခြေအနေများကို နှိုင်းယှဉ်ကြည့်ပါက လက်ရှိဆောင်ရွက်ချက်များသည် ယခင်ခေတ်ကာလ ဆောင်ရွက်ချက်များထက် သိသိသာသာ တိုးတက်ပြောင်းလဲလာသည်ကို အထင်အရှား တွေ့ရှိရမည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ပေးနိုင်သဖြင့် တိုးတက်လာသည့် လူဦးရေအတွက် စားနပ်ရိက္ခာ လောက်ငဖူလုံအောင် ဆောင်ရွက်ပေးနိုင်ရုံမျှမက နောင်တိုးပွားလာမည့် လူဦးရေအတွက်ပင် လောက်ငဖူလုံလျက်ရှိသည့်အပြင် အပိုအလျှံ စိုက်ပျိုးသီးနှံများကို ပြည်ပသို့ပင် တင်ပို့ရောင်းချပေးနိုင်လျက် ရှိနေပေသည်။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးစွမ်းအားများ ဆက်လက်တိုးပွားအောင် ဆည်တမံ စီမံကိန်းများကိုရပ်တန့်မထားဘဲ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ဆည်တမံ စီမံကိန်း ၂၆ ခုကို ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ဆက်လက် ဆောင်ရွက်ဆဲစီမံကိန်းများမှာ ကချင်ပြည်နယ် ရွှေကူတွင် တစ်ခု၊ ကရင်ပြည်နယ် လှိုင်းဘွဲ့တွင် တစ်ခု၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေး၊ အရာတော်၊ ဘုတလင်နှင့် ကန့်ဘလူတို့တွင် ခြောက်ခု၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တွင်တစ်ခု၊ ပဲခူးတိုင်းဒေသကြီး ဖြူး၊ ပဲခူးနှင့် ဝေါတို့တွင် သုံးခု၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူ ဂန့်ဂေါ၊ စေတုတ္တရာနှင့် မြိုင်တို့တွင် ငါးခု၊ မန္တလေးတိုင်းဒေသကြီး မတ္တရာ၊ ပျဉ်းမနား၊ ပြင်ဦးလွင်နှင့် ဝမ်းတွင်းတို့တွင် ငါးခု၊ မွန်ပြည်နယ် ကျိုက်ထိုတွင် တစ်ခု၊ ရှမ်းပြည်နယ် ရွာငံနှင့် ရပ်စောက်တို့တွင် နှစ်ခုနှင့် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူတွင် တစ်ခု စုစုပေါင်း ၂၆ခု ဖြစ်ပြီး စီမံကိန်းများ ပြီးစီးပါက အကျိုးပြုစိုက်ပျိုးဧရိယာဧကပေါင်း ၁၂၃၆၉၉၀ ထပ်မံ တိုးတက် လာမည် ဖြစ်သည်။

အနာဂတ်ကာလ အတွက် ဆက်လက်အကောင်ထည်ဖော်မည့် ဆည်မြောင်းစီမံကိန်းပေါင်း ၁၀၀ လျာထား သတ်မှတ်ထားရှိပြီး စီမံကိန်း ၁၃ ခုကို ဦးစားပေး ဆောင်ရွက် သွားမည် ဖြစ်သည်။

> **မိုးစပါး၊ နွေစပါးအပြင် သီးထပ်သီးညှပ် အခြား သီးနှံများအတွက်ပါ စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်စေရန် အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆောင်ရွက်နိုင်ခဲ့မှုများသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအပေါ် ထားရှိသည့် စေတနာမေတ္တာ**

ကျန်ရှိသည့် စီမံကိန်း ၈၇ ခု ကို လေ့လာဆဲဖြစ်ပြီး စီမံကိန်းများ ဆောင်ရွက်ပြီးစီးပါက အကျိုးပြုဧရိယာ ဧက ၃၅၇၃၈၀ ထပ်မံ တိုးတက်လာမည်ဖြစ်သည်။

ဆည်တမံ တည်ဆောက်ရေးလုပ်ငန်းများကို ငွေကြေးအင်အား၊ လူအင်အား၊ စက်ပစ္စည်းအင်အား အလုံးအရင်းဖြင့် ပြည်တွင်း အင်ဂျင်နီယာများ ပူးပေါင်း၍ တည်ဆောက်ခဲ့ကြရာ နိုင်ငံအနှံ့ ဆည်တမံများ အစုအဖွဲ့အလိုက်တည်ရှိနေပြီ ဖြစ်သည်။

မိုးလွန်လျှင် ထွန်ချ၍မရသည့် ဘဝကို ကျော်လွှားလွန်မြောက်နိုင်ရန် အတွက် နိုင်ငံတော်အစိုးရသည် ခိုင်မာလေးနက်သည့် ရပ်တည်မှု၊ မှန်ကန်သည့် တွေးခေါ်မြော်မြင်မှု၊ ပီပြင်သည့် စီမံဖော်ဆောင်မှုများနှင့်အတူ ကြိုးပမ်းအားထုတ်ပြီး အလုပ်နှင့် သက်သေပြနိုင်ခဲ့သည်။ လက်ရှိ အစိုးရတာဝန်ယူခဲ့ရသည့် နှစ်ပေါင်း ၂၀ကျော်ကာလအတွင်း၌ မြန်မာနိုင်ငံသည် ဆန်စပါး ထုတ်လုပ်မှုမြင့်မားသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာပြီး ပဲမျိုးစုံ စိုက်ပျိုး ထုတ်လုပ် တင်ပို့မှု အနေဖြင့်လည်း အာဆီယံ နိုင်ငံများ အတွင်းမှာ ဦးဆောင်မှု အခန်း ကဏ္ဍ ကို ရောက်ရှိလာခဲ့သည်။ ယခုကဲ့သို့ ဖြစ်လာရခြင်းသည် နိုင်ငံတော် အစိုးရ အနေဖြင့် နောင်တွင် ဖြစ်ပေါ်လာမည့် လူဦးရေ သန်း ၁၀၀ကျော်၏ စားဝတ်နေရေးဘဝများ ပြည့်စုံဖူလုံစေရန်အတွက် အမြော်အမြင်ကြီးမားစွာဖြင့် ကြိုတင်မြော်တွေးပြီး နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲကာ ဆောင်ရွက်ပေးနေခြင်းကြောင့် အောင်မြင်မှုများ ဆင့်ပွား တိုးတက်လာခြင်းဖြစ်သည်။

ချုပ်၍ဆိုရလျှင် နိုင်ငံတော်က လယ်ယာ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေမည့် တည်ဆောက်ရေးလုပ်ငန်းများကို မနားမနေ အကောင်အထည် ဖော်ပေးခဲ့ခြင်းကြောင့် ဒေသအတွင်း သီးနှံထုတ်လုပ်မှု ပိုမိုတိုးတက်လာသည်။ တောင်သူလယ်သမားတစ်ဦးချင်းစီ၏ ဝင်ငွေတိုးတက်လာသည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝပိုမိုမြင့်မား တိုးတက်လာသည်ကို ယနေ့မျက်မှောက်ကာလတွင် မျက်ဝါးထင်ထင်တွေ့မြင် နေရပါသည်။ ယခုကဲ့သို့ မိုးစပါး၊ နွေစပါးအပြင် သီးထပ်သီးညှပ် အခြားသီးနှံများအတွက်ပါ စိုက်ပျိုးရေ ဖူလုံစွာပေးဝေနိုင်စေရန် အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆောင်ရွက်နိုင်ခဲ့မှုများသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအပေါ်ထားရှိသည့် နိုင်ငံတော်၏ စေတနာမေတ္တာ အစစ်အမှန်သာ ဖြစ်ပါတော့သည်။ ။

မကွေးတိုင်းဒေသကြီးတွင် နိုင်ငံတော်က ဆည်တမံများ တည်ဆောက်ပေးလျက်ရှိရာ ရေစကြိုမြို့နယ်အတွင်း တည်ဆောက်ထားသည့် ငွေးချိုရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို တွေ့ရစဉ်။

## တပ်မတော်အစိုးရလက်ထက် တိုးတက်ဆောင်ရွက်ပေးခဲ့သည့် စိုက်ပျိုးရေရရှိမှု အကျိုးပြုဧကများ

| အမျိုးအမည် | ရေတွက်ပုံ | မြန်မာမင်းများလက်ထက်မှ ၁၉၈၈ ခုနှစ်အထိ | ၂၀၁၀ | တိုးတက်မှု |
|---|---|---|---|---|
| **ဆည်၊ကန်၊တာတမံ** | | | | |
| - ဆောင်ရွက်ပြီးလုပ်ငန်း | ခု | ၁၃၈ | ၃၇၁ | ၂၃၃ |
| - ဆောင်ရွက်ဆဲလုပ်ငန်း | | - | ၂၆ | ၂၆ |
| အကျိုးပြုဧရိယာ | ဧက | ၁၃၃၆၁၉၉ | ၄၁၆၃၄၅၄ | ၂၈၂၇၂၅၅ |
| **မြစ်ရေတင်နှင့်** | | | | |
| **မြေအောက်ရေလုပ်ငန်း** | | | | |
| (မြစ်ရေတင်) | | | | |
| - ဆောင်ရွက်ပြီးလုပ်ငန်း | ခု | - | ၃၂၇ | ၃၂၇ |
| အကျိုးပြုဧရိယာ | ဧက | | ၄၉၆၉၀၅ | ၄၉၆၉၀၅ |
| **မြေအောက်ရေတွင်း** | ခု | - | ၈၁၃၇ | ၈၁၃၇ |
| - အကျိုးပြုဧရိယာ | ဧက | - | ၉၉၈၃၄ | ၉၉၈၃၄ |
| မြစ်ရေတင်/မြေအောက်ရေ | | | | |
| - ဆောင်ရွက်မည့်လုပ်ငန်း | ခု | - | ၄၀ | ၄၀ |
| အကျိုးပြုဧရိယာ | ဧက | - | ၂၄၅၅၈၁ | ၂၄၅၅၈၁ |
| **ချောင်းမြောင်းတမံပိတ်ဆို့မှု** | | | | |
| အကျိုးပြုဧရိယာ | ဧက | - | ၁၈၄၅၇၀ | ၁၈၄၅၇၀ |

# ပျော်ပျော်ပါးပါး၊ မဲရုံသွား၊ မဲပေးကြစို့လား

မောင်ဒဲ့ဒိုး

**ဘကြီးဖြိုး။** လာပါဦးကွ မောင်ဒဲ့ဒိုးရ။ မေးစမ်းပါရစေဦး။ အခုဟာက ရွေးကောက်ပွဲနီးလာပြီဆိုပေမယ့် ငါတို့သာမန်ပြည်သူလူထုကြားမှာ နဂိုကမှ နိုင်ငံရေးနားမလည်ကြရတဲ့အထဲမှာ စကားတွေက အမျိုးမျိုးကြားရ၊ ဟိုလူက ဟိုလိုပြော၊ ဒီလူက ဒီလိုပြောဆိုတော့ နားရှုပ်နေကြတယ်ကွ။ အဲဒါ မင်းသိသလောက် ရှင်းပြပေးပါဦး။

**မောင်ဒဲ့ဒိုး။** ဟုတ်ကဲ့ပါ။ ဘကြီးဖြိုးက ဘာတွေမေးချင်တာလဲ။

**ဘကြီးဖြိုး။** စုံလို့ပါပဲကွာ။ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ မဲသွားမပေးကြနဲ့ ဆိုတာလည်းပါရဲ့။ ဟိုပါတီကိုလည်း မဲမထည့်နဲ့၊ ဒီပါတီကိုလည်း မဲမထည့်နဲ့ဆိုတာလည်းပါရဲ့။ ပြီးတော့ ပါတီတွေကလည်း အများကြီးကွ၊ တစ်သီးပုဂ္ဂလဆိုတာတွေကလည်း ပါသေးတယ်။ အမတ်လောင်းတွေကများသလို လွှတ်တော်တွေကလည်း မခေါ်တတ်တော့ပါဘူးကွာ။ သုံးခုလား၊ လေးခုလား။ ဒီကြားထဲမှာ လူမျိုးစုလား၊ လူနည်းစုလား၊ အဲဒီကိုယ်စားလှယ်လောင်းဆိုတာကလည်း သပ်သပ်မဲထည့်ရဦးမယ်ဆို။ မဲပုံးတွေကလည်း အများကြီးထည့်ရမှာဆိုကွ။ တချို့ကလည်း ခေါင်းရှုပ်လွန်းလို့ ရွေးကောက်ပွဲနေ့ကျရင် အိမ်မှာပဲ အေးအေးဆေးဆေး ထမင်းကြမ်း ယပ်ခတ်စားပြီး အိပ်နေတော့မယ်လို့ ပြောနေကြတယ်ကွ။ အဲဒီတော့ ပထမဆုံး ငါမေးချင်တာက ဒီရွေးကောက်ပွဲက ဘာမို့လို့ ငါတို့က မဲထည့်ရမှာတုံး၊ အဲလိုမဲထည့်လို့ ငါတို့အတွက် ဘာတွေအကျိုးရှိမှာတုံးဆိုတာ သိချင်တယ်ကွာ။

**မောင်ဒဲ့ဒိုး။** ဟုတ်ပါ့ခင်ဗျာ။ ဘကြီးဖြိုးပြောသလိုပဲ ဒီ **ရွေးကောက်ပွဲဟာ နှစ်ပေါင်းများစွာကာလအတွင်းမှာ ပထမဆုံးကျင်းပတဲ့ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲဖြစ်ပြီးတော့ အခြေခံဥပဒေကလည်း အသစ်၊ ပါတီတွေကလည်း တော်တော်များများက အသစ်တွေဖြစ်နေသလို လွှတ်တော်တွေကလည်း အဆင့်ဆင့်၊ မဲပေးရမယ့် မဲပုံးတွေကလည်း များနေတော့ တော်တော်များများက ရှုပ်ထွေးနေကြစရာရှိပါတယ်။ ဘကြီးဖြိုးရဲ့ ပထမဆုံးမေးခွန်းကိုဖြေရမယ်ဆိုရင် အခုရွေးကောက်ပွဲက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးပါ။ ဘာတွေကို ရွေးကောက်တင်မြှောက်မှာလဲဆိုတော့ ယေဘုယျအားဖြင့် တိုင်းဒေသကြီး(သို့)ပြည်နယ်လွှတ်တော်၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဆိုတဲ့ ဥပဒေပြုလွှတ်တော်သုံးရပ်အတွက် ကိုယ်စားလှယ်လောင်းတွေ ပါဝင်ယှဉ်ပြိုင်ကြတဲ့အထဲက မိမိတို့နှစ်သက်တဲ့သူကို ရွေးချယ်မဲပေးပြီး ရွေးကောက်တင်မြှောက်ကြရမှာ ဖြစ်ပါတယ်။** ဘကြီးဖြိုး အလွယ်သိအောင်ပြောရရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်အဆင့်မှာ တစ်မြို့နယ်ကို ကိုယ်စားလှယ်နှစ်ယောက် ရွေးပေးရမယ်။ ဒါ့အပြင် အဲဒီပြည်နယ်နဲ့ တိုင်းဒေသကြီးထဲမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဖြစ် သတ်မှတ်မခံရတဲ့ တိုင်းရင်းသားလူမျိုးတွေအတွက် တစ်နိုင်ငံလုံး လူဦးရေရဲ့ သုည ဒသမ ၁ ရာခိုင်နှုန်း (တစ်ထောင်ပုံ တစ်ပုံ) နဲ့ အထက်ရှိတဲ့ လူမျိုးတိုင်းအတွက် အဲဒီတိုင်းရင်းသားလူမျိုး မဲဆန္ဒရှင်တွေက တိုင်းရင်းသားလူမျိုး တစ်မျိုးကို တစ်ယောက်စီ ထပ်ရွေးပေးရမယ်။ ပြည်သူ့လွှတ်တော်မှာ တစ်မြို့နယ်ကို လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်၊ အမျိုးသားလွှတ်တော်ကျတော့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတစ်ခုမှာ ကိုယ်စားလှယ် ၁၂ ယောက်စီပေါ့။ ပြည်နယ် ကြီးကြီး/သေးသေး တန်းတူဖြစ်အောင် သတ်မှတ်ထားတာပါပဲ။ ဒါ့အပြင် ပြည်သူလူထုက ရွေးကောက်ပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ သုံးပုံတစ်ပုံ အချိုးအစားရှိတဲ့ တပ်မတော်သားကိုယ်စားလှယ်တွေလည်း လွှတ်တော်အဆင့်ဆင့်ထဲမှာ ပါဝင်မှာဖြစ်ပါတယ်။ ဒီတပ်မတော်သား ကိုယ်စားလှယ်တွေကိုတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရွေးချယ်တင်သွင်းမှာဖြစ်ပါတယ်။

**ဘကြီးဖြိုး။** မင်းပြောတဲ့ လွှတ်တော်တွေက ဘာတွေလုပ်ရမှာတုံးကွ၊ တို့က ဒီကိုယ်စားလှယ်တွေကို ရွေးကောက်ပေးပြီးတော့ သူတို့က တို့ကို ဘာတွေပြန်လုပ်ပေးမှာတုံး။

**မောင်ဒဲ့ဒိုး။** ဟုတ်ကဲ့။ လွှတ်တော်ဆိုတာ အဓိကအလုပ်ကတော့ နိုင်ငံနဲ့ပတ်သက်တဲ့ကိစ္စတွေကို ဥပဒေကြမ်းတင်သွင်းမယ်။ ဒီဥပဒေကြမ်းတွေကို အတည်ပြုသင့်/မပြုသင့် လွှတ်တော်ထဲမှာ ဆွေးနွေးကြမယ်။ ပြီးရင် မဲခွဲဆုံးဖြတ်ကြမယ်။ မဲခွဲဆုံးဖြတ်လို့ အတည်ဖြစ်လာရင် အဲဒီဥပဒေကြမ်းက ဥပဒေဖြစ်သွားပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပေးပြီးတဲ့အခါ နိုင်ငံသားအားလုံးလိုက်နာရမယ့် ဥပဒေတစ်ခုအဖြစ် အသက်ဝင်သွားတာပေါ့။ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်မှာတော့ ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ထိုးရမှာပေါ့။ အဲဒီတော့ အကျဉ်းချုပ်ပြောရရင် **လွှတ်တော်ဆိုတာ နိုင်ငံရဲ့ အရေးကိစ္စတွေကို ဥပဒေအဖြစ် ဆုံးဖြတ်အတည်ပြုပြီး ဆောင်ရွက်စေတဲ့နေရာမို့ ဥပဒေပြုလွှတ်တော်လို့ ပြောတာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်လွှတ်တော်ဆိုရင်တော့ သက်ဆိုင်ရာနယ်မြေတွေရဲ့ အရေးကိစ္စတွေကို ဥပဒေပြုပြီး ဆောင်ရွက်တာပေါ့။ ဒါ့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအတွင်းမှာပဲ လူဦးရေ စုံ့စုံ့ပို့ပို့ရှိတဲ့ တိုင်းရင်းသားလူမျိုးစုတွေအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွေလည်း သတ်မှတ်ပေးထားတာမို့ အဲဒီမှာလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွေအတွက် ဦးစီးအဖွဲ့တွေကို ဥပဒေပြုခွင့်အာဏာ ပေးအပ်ထားတာရှိပါတယ်။ ခြုံပြီးပြောရရင် ဥပဒေပြုတဲ့နေရာမှာ ပြည်ထောင်စုအဆင့်ကနေ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ဒေသအဆင့်အထိ အဆင့်ဆင့်ခွဲပြီး လုပ်ပိုင်ခွင့်ပေးထားတာမို့ လွှတ်တော်အရေအတွက် များတယ်လို့ ဆိုနိုင်ပေမယ့် တိုင်းရင်းသားလူမျိုးစု အရေအတွက်များပြီး ပြည်နယ်/တိုင်းဒေသကြီးတွေကွဲပြားတဲ့ ကျွန်တော်တို့နိုင်ငံမှာ လူအများရဲ့ ကျေနပ်မှုကိုရအောင် ကိုယ့်နယ်မြေ၊ ကိုယ့်ဒေသက ကိုယ်တိုင်ရွေးချယ်ပေးလိုက်တဲ့ ကိုယ်စားလှယ်တွေနဲ့ ကိုယ့်နယ်မြေ ကိုယ့်ဒေသအရေးကို ထိထိရောက်ရောက် ဆောင်ရွက်ခွင့်ရအောင် ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေအားလုံး စုပေါင်းပြီး နိုင်ငံတော်သမ္မတကို ရွေးကောက်တင်မြှောက်မယ်။ နိုင်ငံတော်သမ္မတက အရည်အချင်းပြည့်စုံတဲ့သူတွေလို့ ထင်မြင်ယူဆရသူတွေကို ရွေးချယ်ပြီး အစိုးရအဖွဲ့ဖွဲ့စည်း အုပ်ချုပ်မှာမို့ ဒီဥပဒေပြုလွှတ်တော်များဟာ နိုင်ငံရဲ့ စီမံခန့်ခွဲရေးအဖွဲ့အစည်းကို ရွေးကောက်တင်မြှောက်ပေးတဲ့အဖွဲ့လို့လည်း ဆိုနိုင်တာပေါ့** ဘကြီးဖြိုးရယ်။

**ဘကြီးဖြိုး။** ဟ၊ ဒီလိုဆိုတော့ ကိုယ့်ပြည်သူလူထုအကျိုးစီးပွားကို ပြည်သူတွေက ရွေးကောက်တင်မြှောက်တဲ့ ကိုယ်စားလှယ်တွေက ဆွေးနွေးဆုံးဖြတ်ပြီး ဥပဒေပြုဆောင်ရွက်မယ့်ကိစ္စပဲ။ ငါတို့က ဘာလို့မဲမပေးဘဲနေရမှာလဲကွ။ ကိုယ့်လူကို ကိုယ်ရွေးတာပဲ။ မဲပေးရမှာပေါ့။

**မောင်ဒဲ့ဒိုး။** မှန်တာပေါ့ ဘကြီးဖြိုးရာ။ ကိုယ့်ကိုကိုယ်စားပြုမယ့် ကိုယ်စားလှယ်၊ ကိုယ့်လူထုအကျိုး ဆောင်ရွက်ပေးမယ့် ကိုယ်စားလှယ်ကို ကိုယ်တိုင်မဲပေး ရွေးချယ်ကြမှ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရကြမှာပေါ့။ မဲပေးတယ်ဆိုတာကလည်း နည်းနည်းရှုပ်ထွေးတယ်ဆိုဦးတော့ အစစအရာရာ ကူညီရှင်းလင်းပြောပြပေးမယ့် မဲရုံဝန်ထမ်းတွေလည်း အများကြီးပါ။ အနှောင့်အယှက်အဖျက်အဆီးတွေရှိမလာအောင် စနစ်တကျလုံခြုံရေးတွေလည်း စီမံဆောင်ရွက်ထားတာမို့ ဘာမှကြောက်စရာလန့်စရာမရှိ စိတ်အေးချမ်းသာစွာနဲ့ မဲပေးနိုင်ပါတယ်လို့ ပြောချင်တာပါပဲခင်ဗျာ။

**ဘကြီးဖြိုး။** ဒါပေါ့ကွာ။ ငါတို့အဘိုးကြီး၊ အဘွားကြီး ဇနီးမောင်နှံနှစ်ယောက်လည်း ငါတို့မျက်စိမမှိတ်ခင် သာယာအေးချမ်းဖွံ့ဖြိုးတဲ့ နိုင်ငံသစ်ကြီးပေါ်ထွန်းလာတာကို မျက်ဝါးထင်ထင်မြင်နိုင်ဖို့၊ လာမယ့် နိုဝင်ဘာလ(၇)ရက်နေ့မှာ ပျော်ပျော်ပါးပါးမဲရုံကိုသွားပြီး မဲပေးဖြစ်အောင်ကို ပေးလိုက်ဦးမယ်ဟေ့။ ။

လွှတ်တော်ဆိုတာ နိုင်ငံရဲ့အရေးကိစ္စတွေကို ဥပဒေအဖြစ် ဆုံးဖြတ်အတည်ပြုပြီး ဆောင်ရွက်စေတဲ့နေရာမို့ ဥပဒေပြုလွှတ်တော်လို့ ပြောတာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်လွှတ်တော်ဆိုရင်တော့ သက်ဆိုင်ရာနယ်မြေတွေရဲ့ အရေးကိစ္စတွေကို ဥပဒေပြုပြီး ဆောင်ရွက်တာပေါ့။ ဒါ့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအတွင်းမှာပဲ လူဦးရေ စုံ့စုံ့ပို့ပို့ရှိတဲ့ တိုင်းရင်းသားလူမျိုးစုတွေအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွေလည်း သတ်မှတ်ပေးထားတာမို့ အဲဒီမှာလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတွေအတွက် ဦးစီးအဖွဲ့တွေကို ဥပဒေပြုခွင့်အာဏာပေးအပ်ထားတာရှိပါတယ်။

ဥပဒေပြု
တိုင်းဒေသကြ
အဆင့်အထိ
လွှတ်တော်
တိုင်းရင်းသာ
ဒေသကြီးတေ
ကျေနပ်မှုကို
ရွေးချယ်ပေး
ကိုယ့်ဒေသ
ရအောင် ဆေ
လွှတ်တော်နဲ့
စုပေါင်းပြီး
နိုင်ငံတော်သ
ထင်မြင်ယူဆ
အုပ်ချုပ်မှာမို့
ခန့်ခွဲရေးအ
အဖွဲ့လို့လည်

အဖျက်

ဟား
မောင်ဒွဲဒိုး

ပဒေပြုလွှတ်တော်လို့
း နဲ့ ပြည်နယ်အဆင့်
ဆိုင်ရာနယ်မြေတွေရဲ့
း ဆောင်ရွက်တာပေါ့။
ပြည်နယ်တွေအတွင်းမှာပဲ
ရင်းသားလူမျိုးစုတွေ
င့်ရ စီရင်စုတွေလည်း
ဒီမှာလည်း ကိုယ်ပိုင်
တွက် ဦးစီးအဖွဲ့တွေကို
ပ်ထားတာရှိပါတယ်။
နရာမှာ ပြည်ထောင်စု
ိုင်းဒေသကြီးအဆင့်၊
နဲ့ ဒေသအဆင့်အထိ
းထားတာမို့ လွှတ်တော်
ိုနိုင်ပေမယ့် တိုင်းရင်း
ားပြီး ပြည်နယ်/တိုင်း
ကျွန်တော်တို့နိုင်ငံမှာ
အောင် ကိုယ့်နယ်မြေ၊
ရွေးချယ်ပေးလိုက်တဲ့
နယ်မြေ ကိုယ့်ဒေသ
က် ဆောင်ရွက်ခွင့်ရ
ဖြစ်ပါတယ်။ ဒါ့အပြင်
အမျိုးသားလွှတ်တော်
စုပေါင်းပြီး နိုင်ငံတော်
မြောက်မယ်။ နိုင်ငံတော်
ပြည့်စုံတဲ့ သူတွေလို့
ွေးချယ်ပြီး အစိုးရအဖွဲ့
ဒေပြုလွှတ်တော်များဟာ
စည်းကို ရွေးကောက်
လည်း ဆိုနိုင်တာပေါ့

ယ့်ပြည်သူလူထုအကျိုး
ကောက်တင်မြောက်တဲ့
နွေးဆုံးဖြတ်ပြီး ဥပဒေပြု
ို့က ဘာလို့မဲမပေးဘဲ
ိုယ်ရွေးတာပဲ။ မဲပေးရ

ိုယ့်ကိုကိုယ်စားပြုမယ့်
ုအကျိုး ဆောင်ရွက်
ယ်တိုင်မဲပေး ရွေးချယ်
ဖန်တီးခွင့်ရကြမှာပေါ့။
ည်းနည်းရှုပ်ထွေးတယ်
ကူညီရှင်းလင်းပြောပြ
ည်း အများကြီးပါ။
ိီးတွေရှိမလာအောင်
း စီမံဆောင်ရွက်ထား
စရာမရှိ စိတ်အေးချမ်း
လို့ ပြောချင်တာပါပဲ

ဘွားကြီး ဇနီးမောင်နှံ
ိစိမမှိတ်ခင် သာယာ
ကြီးပေါ် ထွန်းလာတာကို
ာမယ့် နိုဝင်ဘာလ(၇)
မဲရုံကိုသွားပြီး မဲပေး
ယ်ဟော့။ ။

ဥပဒေပြုတဲ့နေရာမှာ ပြည်ထောင်စုအဆင့်ကနေ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနဲ့ ဒေသအဆင့်အထိ အဆင့်ဆင့်ခွဲပြီး လုပ်ပိုင်ခွင့်ပေးထားတာမို့ လွှတ်တော်အရေအတွက် များတယ်လို့ ဆိုနိုင်ပေမယ့် တိုင်းရင်းသားလူမျိုးစု အရေအတွက်များပြီး ပြည်နယ်/တိုင်းဒေသကြီးတွေကွဲပြားတဲ့ ကျွန်တော်တို့နိုင်ငံမှာ လူအများရဲ့ ကျေနပ်မှုကိုရအောင် ကိုယ့်နယ်မြေ၊ ကိုယ့်ဒေသက ကိုယ်တိုင်ရွေးချယ်ပေးလိုက်တဲ့ ကိုယ်စားလှယ်တွေနဲ့ ကိုယ့်နယ်မြေကိုယ့်ဒေသအရေးကို ထိထိရောက်ရောက် ဆောင်ရွက်ခွင့်ရအောင် ဆောင်ရွက်ထားတာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေအားလုံး စုပေါင်းပြီး နိုင်ငံတော်သမ္မတကို ရွေးကောက်တင်မြောက်မယ်။ နိုင်ငံတော်သမ္မတက အရည်အချင်းပြည့်စုံတဲ့သူတွေလို့ ထင်မြင်ယူဆရသူတွေကို ရွေးချယ်ပြီး အစိုးရအဖွဲ့ ဖွဲ့စည်းအုပ်ချုပ်မှာမို့ ဒီဥပဒေပြုလွှတ်တော်များဟာ နိုင်ငံရဲ့ စီမံခန့်ခွဲရေးအဖွဲ့အစည်းကို ရွေးကောက်တင်မြောက်ပေးတဲ့ အဖွဲ့လို့လည်း ဆိုနိုင်တာပေါ့။

## အဖျက်သမား သတိထား

ကာတွန်း - ရဲထက်

## ကိုယ်တိုင်ဆုံးဖြတ် မဲပေးမည်

* ပြည်ထောင်တစ်ခေတ်၊ တည်ထောင်လုစ်မည့်
မျိုးချစ် "မြန်မာ"၊ အို. . . မြန်မာတို့. . .။

* လူမျိုး နိုင်ငံ၊ ဖွံ့ဖြိုးရန်တွက်
နိုင်ငံအရေး၊ စီးပွားရေးနှင့်
လူရေးလူမှု၊ အစုစုကို
စေ့ငုသေချာ၊ ရွက်ဆောင်ပါမည့်
ပြည်ရွာကိုယ်စား၊ ခေါင်းဆောင်များကို
မထား အစွဲ၊ မခွဲ ဝါဒ
တူတကွလျှင်
စံပြရွေးချယ် သင့်ပေသည်။
ကိုယ်တိုင်ဆုံးဖြတ် မဲပေးမည်။

* ပြည့်အနာဂတ်၊ ဖြောင့်ဖြူးလတ်အောင်
မပြတ်အသိဝင်၊ "အမြင်လေးမြင်"နှင့်
အစဉ်အလေးထား၊ "အရေးသုံးပါး"နှင့်
လေးစားဆစ်ပိုင်း၊ ဉာဏ်ချင့်နှိုင်း၍
မဆိုင်းမတွ၊ တူတကွလျှင်
ဆန္ဒမဲပေး၊ အခွင့်ရေးဖြင့်
"ပြည်ရေးရွာမှု"၊ သာအောင်ပြုမှ
ပြည်သူ့သားကောင်း ပီပေမည်။
ကိုယ်တိုင်ဆုံးဖြတ် မဲပေးမည်။

* အသည်းကြားက၊ မဲတစ်ပြားသည်
သွေးသားပီပီ၊ အမိပြည်နှင့်
ပြည်သူ့ကျိုးတွက်၊ ရပ်တည်ချက်ဟု
လေးနက်ယုံကြည် ခံယူသည်။
ကိုယ်တိုင်ဆုံးဖြတ် မဲပေးမည်။

* အို. . .ပြည်ခွင်အကျိုး၊ တီထွင်"ကြိုး"မည့်
မျိုးချစ်မြန်မာ၊ သင်, သူ, ငါတို့
ညီညာဖြဖြ၊ တူတကွလျှင်
ဆန္ဒမဲပြု၊ ရွေးချယ်မှုဖြင့်
ပြည်သူ့သားကောင်း ပီသစို့။
မဲရုံသွားလို့ မဲပေးစို့။
နိုင်ငံသစ်ကို ထူထောင်စို့။ ။

မျိုးမြတ်မြတ်မြင့်မောင်

## မြဝတီ ရုပ်မြင်သံကြား အစီအစဉ်

၂၆-၁၀-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၁၅ | ၃။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၅။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၂၀ | ၄။ | အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၄း၃၅ | ၅။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၁၀ | ၇။ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၂၅ | ၈။ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၅း၃၅ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၄၀ | ၁၀။ | **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၃၀)** |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၆း၁၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၀ | ၁၃။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၆း၃၀ | ၁၄။ | အောင်မြင်ခြင်းလမ်းမ |
| ၇း၀၀ | ၁၅။ | **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၁၉)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | နိုင်ငံရေးပါတီများ ဟောပြောချက် |
| | ၁၉။ | ဘယ်လိုမဲပေးကြမှာလဲ |
| | ၂၀။ | နိုင်ငံတကာသတင်း |
| | ၂၁။ | မိုးလေဝသသတင်း |
| | ၂၂။ | မွေးမြူသုတ |
| | ၂၃။ | ဟာသရုပ်စုံ -ကြံကြံဖန်ဖန် (ပိုးလေး၊ တိုးကျော်၊ လှလှဝင်းအဖွဲ့နှင့် ရွှေသွေးအဖွဲ့) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| | ၂၄။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၅။ | **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၁၉)** |
| | ၂၆။ | **Mini Series** |
| | ၂၇။ | သင့်အတွက်မနက်ဖြန် |
| | ၂၈။ | အပိတ်နှုတ်ဆက်စကား |
| | ၂၉။ | ပြီးပါပြီ။ |

# အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး ဂီရိကြောင့် မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ရာလမ်းကြောင်းတစ်လျှောက် အဆောက်အအုံများပျက်စီးမှု၊ လူသေဆုံးမှုများဖြစ်ပေါ်ခဲ့၊ တာဝန်ရှိသူများ မုန်တိုင်းသင့်ဒေသများသို့ ချက်ချင်းရောက်ရှိပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး စီမံဆောင်ရွက်ပေးလျက်ရှိ၊ မုန်တိုင်းသတင်းနှင့် သတိပေးနိုးဆော်ချက်များကို နိုင်ငံပိုင်မီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်အသိပေးနိုင်ခဲ့သည့်အပြင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကလည်း မုန်တိုင်းဖြတ်သန်းမည့် ဦးတည်ရာလမ်းကြောင်းမှ ပြည်သူများကို ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ပေးနိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ သေကျေထိခိုက်ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးမှု အနည်းငယ်သာရှိခဲ့ခြင်းဖြစ်၊ နောက်နောင်တွင် ပြည်သူများအနေဖြင့် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် နေ့စဉ်ထုတ်သတင်းစာများပါ သတိပေးနိုးဆော်ချက်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ပါက အသက်ဘေးအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်

နေပြည်တော် အောက်တိုဘာ ၂၅

**အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး ဂီရိသည် မြန်မာနိုင်ငံအတွင်းသို့ အောက်တိုဘာ ၂၂ ရက်နှင့် ၂၃ ရက်နေ့များက ဖြတ်ကျော်ဝင်ရောက်ခဲ့သည့်အတွက် မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ရာလမ်းကြောင်းတစ်လျှောက် အဆောက်အအုံများပျက်စီးမှု၊ လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။**

ဆိုင်ကလုန်းမုန်တိုင်းကြီး ဂီရိသည် ရခိုင်ပြည်နယ်အတွင်းရှိ ကျောက်ဖြူ၊ စစ်တွေ၊ မြေပုံ၊ မင်းပြား၊ ပေါက်တော၊ အမ်း၊ ပုဏ္ဏားကျွန်းမြို့နယ်များနှင့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့ရှိ မြို့နယ် အချို့ကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဘုတလင်မြို့အနီးတွင် အားလျော့ပျက်ပြယ်သွားခဲ့သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းကြီး ဝင်ရောက်မှုကြောင့် မြေပုံမြို့နယ်တွင် ၂၂ဦး သေဆုံး၊ ၁၅ ဦးပျောက်ဆုံးလျက်ရှိပြီး တံတားနှစ်စင်း၊ အိမ် ၂၀၈၈ လုံး၊ ဘုန်းကြီးကျောင်း ရှစ်ကျောင်း၊ ဌာနဆိုင်ရာအဆောက်အအုံ ၃၄ လုံး၊ စာသင်ကျောင်း ၁၃ ကျောင်းနှင့် စက်လှေအစင်း ၈၀ နစ်မြုပ်ပျက်စီးခဲ့သည်။ မင်းပြားမြို့နယ်တွင် ငါးဦးသေဆုံးပြီး အိမ် ၅၉၇ လုံး၊ ဌာနဆိုင်ရာအဆောက်အအုံ သုံးလုံး၊ စာသင်ကျောင်း လေးကျောင်း၊ ကျောက်ဖြူမြို့နယ်တွင် အိမ် ၁၀၃၅ လုံး၊ ဌာနဆိုင်ရာအဆောက်အအုံ အလုံး ၄၀၊ စာသင်ကျောင်း နှစ်ကျောင်းတို့ အမိုးလန်ပျက်စီးခဲ့ပြီး မုန်တိုင်းဝင်ရောက်ရာ လမ်းကြောင်းတစ်လျှောက် အဆောက်အအုံအချို့ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးသိန်း၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များသည် မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိကြပြီး မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။ ညပိုင်းတွင် မုန်တိုင်းသင့်ပြည်သူများ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြသည်။

တိုင်းမှူးနှင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်များသည် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် မြို့တွင်းနှင့် ရပ်ကွက်များ ပြန်လည်ရှင်းလင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ယာယီကယ်ဆယ်ရေးစခန်းရှိ မုန်တိုင်းသင့်ပြည်သူများအား အဝတ်အထည်များ၊ စားသောက်ကုန်များ၊ ရေသန့်များ၊ အမိုးသွပ်များနှင့် ဆောက်လုပ်ရေးပစ္စည်းများ ထောက်ပံ့ပေးကာ တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။ အလားတူ တာဝန်ရှိသူများသည် မုန်တိုင်းသင့်အခြားဒေသများသို့ သွားရောက်၍ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မြန်မာနိုင်ငံအရပ်ရပ်မှ စေတနာရှင်၊ အလှူရှင်များကလည်း မုန်တိုင်းဒဏ်ခံရသည့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ အင်တိုက်အားတိုက် ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရှိရသည်။

အောက်တိုဘာ ၁၉ ရက် ညနေ ၅ နာရီတိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း စတင်ဖြစ်ပေါ်ချိန်မှစ၍ တဖြည်းဖြည်း အားကောင်းလာကာ အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးအဖြစ် အရှေ့မြောက်ဘက်သို့ ဦးတည်ရွေ့လျားလာမှုအခြေအနေများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်မီ စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးခဲ့သည့်အပြင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကလည်း မုန်တိုင်းသတင်းနှင့် သတိပေးနိုးဆော်ချက်များအား အချိန်မီ စဉ်ဆက်မပြတ် ထုတ်လွှင့်ပေးခဲ့သည်။ အဆိုပါမုန်တိုင်းသတင်းနှင့် သတိပေးနိုးဆော်ချက်များကို နိုင်ငံပိုင်မီဒီယာများဖြစ်သည့် ရုပ်မြင်သံကြား၊ ရေဒီယို၊ FM ရေဒီယိုနှင့် နေ့စဉ်သတင်းစာများကလည်း စဉ်ဆက်မပြတ် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်အသိပေး ဆောင်ရွက်နိုင်ခဲ့သည်။

ထိုကဲ့သို့ မုန်တိုင်းသတင်းနှင့် သတိပေးနိုးဆော်ချက်များကို နိုင်ငံပိုင်မီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်အသိပေးနိုင်ခဲ့သည့်အပြင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကလည်း မုန်တိုင်းဖြတ်သန်းမည့် ဦးတည်ရာလမ်းကြောင်းမှ ပြည်သူလူထု အိမ်ထောင်စု ၁၀၄၃၅ စု၊ လူဦးရေ ၅၃၁၃၅ ဦးတို့ကို ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ပေးနိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ သေကျေထိခိုက်ဒဏ်ရာရရှိမှု၊ ပျက်စီးဆုံးရှုံးမှု အနည်းငယ်သာရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာများ ဆုံးရှုံးမှုမရှိစေရေးအတွက် ထူးခြား မိုးလေဝသသတင်းများကို အချိန်မီကြိုတင်သတိပေး ထုတ်ပြန်ပေးလျက်ရှိသည့်အပြင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကလည်း မုန်တိုင်းသတိပေးချက်၊ နှိုးဆော်ချက်များအား စနစ်တကျ ထုတ်ပြန်ပေးလျက်ရှိရာ နောက်နောင်တွင် ပြည်သူများအနေဖြင့် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် နေ့စဉ်ထုတ်သတင်းစာများပါ သတိပေး နှိုးဆော်ချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပါက အသက်ဘေးအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ကြောင်းကို ဤမုန်တိုင်းဖြစ်စဉ်အပေါ် သုံးသပ်လျက် ဒေသခံပြည်သူများအတွင်း ပြောဆိုလျက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဆိုင်ကလုန်းမုန်တိုင်းကြီး ဂီရိကြောင့် မြေပုံမြို့၌ အပျက်အစီးများကို တွေ့ရစဉ်။** (ဝဲပုံနှင့် အောက်ပုံ)
(သတင်းစဉ်)

**စစ်တွေလေဆိပ်၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းသင့်ဒေသများအတွက် ထောက်ပံ့ရေးပစ္စည်းများကို သယ်ပို့နေကြစဉ်။** (အောက်ဝဲပုံနှင့် အောက်ယာပုံ)
(သတင်းစဉ်)

# အမျိုးသားဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၅

**အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ဒုတိယအကြိမ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက်အားပေးပြီး ဆုများချီးမြှင့်သည်။** (အောက်ပုံ)

အခမ်းအနားသို့ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထင်ဇော်ဝင်း၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အထူးဧည့်သည်တော်များ၊ အားကစားအသင်းမှ တာဝန်ရှိသူများ၊ အားကစားသမားများ၊ ဟော်ကီအားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ညနေ ၃နာရီတွင် ဗိုလ်လုပွဲအဖြစ် ကစားရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ တတိယဆုရ ရခိုင်ပြည်နယ်အသင်းကို ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်း၊ ဒုတိယဆုရ မန္တလေးအသင်းအား ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်လှိုင်၊ ပထမဆုရ ရန်ကုန်အသင်းကို အားကစားနှင့် ကာယပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ အသန့်ရှင်းဆုံးအသင်းဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်)ဦးနော်တောင်၊ အကောင်းဆုံးနေရာအလိုက်နှင့် အကောင်းဆုံးအားကစားသမားဆုရရှိသူများကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထင်ဇော်ဝင်းက ဆုများကို ချီးမြှင့်သည်။

ထို့နောက် ပထမတံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

(၁၉)

# မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ မိုးလျော့နည်းနိုင်

နေပြည်တော် အောက်တိုဘာ ၂၅

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ။** ။ ကျိုက်မရောမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ ရမည်းသင်းမြို့တွင် သုည ဒသမ ၈၇ လက်မ၊ မာန်အောင်မြို့တွင် သုည ဒသမ ၈၃ လက်မနှင့် တောင်ကုတ်မြို့တွင် သုည ဒသမ ၆၇ လက်မတို့ ဖြစ်ကြသည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်တင့် ဖြစ်ထွန်းနေသည်။ **အောက်တိုဘာ ၂၆ ရက် ညနေထိခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။ **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။ **နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## အနီးကပ်ကြီးကြပ်

**အောက်တိုဘာ ၁၆ ရက်က လှည်းကူးမြို့ အောင်မင်္ဂလာရပ်ကွက် မင်းလမ်း ဝဲ၊ ယာ တစ်လျှောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ယာဉ်များ၊ အဖွဲ့ဝန်ထမ်းများဖြင့် ချုံနွယ်များ ရှင်းလင်းနေမှုကို အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုး ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

# University of Portsmouth သို့ တိုက်ရိုက်ဝင်ခွင့်ဆိုင်ရာများ ဆွေးနွေးမည်

**ရန်ကုန် အောက်တိုဘာ ၂၅**

AT & S က ကြီးမှူး၍ University of Portsmouthသို့ တက်ရောက်နိုင်မည့် International College Portsmouth (ICP)၏ ဘာသာရပ်ဆွေးနွေးပွဲကို အောက်တိုဘာ ၃၀ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် တောင်ငူခန်းမ၌ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပညာရေးဆွေးနွေးပွဲတွင် ICPတွင် တက်ရောက်သင်ယူနိုင်မည့် ဘာသာရပ်များအကြောင်း၊ ဘာသာရပ်ဆိုင်ရာ ဝင်ခွင့်များအကြောင်း၊ University of Portsmouthသို့ တိုက်ရိုက်တက်ရောက်နိုင်မည့် ဘာသာရပ်များအကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများအကြောင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်သည်။

အင်္ဂလန်နိုင်ငံရှိ University of Portsmouth သည် ပညာရေးနှင့် ပတ်သက်၍ The Best Modern Universityတစ်ခု ဖြစ်သည့်အပြင် နှစ်စဉ်နိုင်ငံတကာ ကျောင်းသားပေါင်း ၂၀၀၀ ကျော် ပညာသင်ယူလျက်ရှိကာ ပြည်တွင်းမှ ကျောင်းသားများအပါအဝင် ကျောင်းသားပေါင်း ၂၀၀၀၀ ကျော်အား သင်ကြားပို့ချပေးလျက်ရှိသည်။

ICP ၌ International Foundation Programme နှင့် 1st Year Degree တို့ကို သင်ကြားနိုင်မည်ဖြစ်ပြီး 1st Year Degree ပြီးသည့်နောက် University of Portsmouth ၏ သက်ဆိုင်ရာ ဒီဂရီတန်း ဒုတိယနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်မည်ဖြစ်သည်။ ICPတွင် Business၊ Law၊ Computing၊ Science၊ Mathematics၊ Accounting & Finance၊ Biomedical Sciences၊ Engineering၊ Network Engineering၊ Electronic Engineering၊ Civil Engineering ၊ Mechanical Engineering၊ Petroleum Engineering နှင့် Creative Technologies စသည့် ဘာသာရပ်များကို ရွေးချယ်သင်ယူနိုင်မည်ဖြစ်သည်။

ဆွေးနွေးပွဲတက်ရောက်လိုသူ ကျောင်းသားမိဘများသည် AT & S Co., Ltd. သို့ ကြိုတင်စာရင်း ပေးသွင်းရန်လိုအပ်ပြီး AT & S Co., Ltd. အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ် လှိုင်တက္ကသိုလ်နယ်မြေ ဖုန်း-၅၂၁၁၂၅နှင့် ၆၅၂၂၈၈တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် အောက်တိုဘာ ၂၅**

အောက်တိုဘာ ၂၄ ရက် ည ၁၀ နာရီ ၂၃ မိနစ် ၂ စက္ကန့် အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၀ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းတစ်နေရာကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၃ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

# မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၂၅**

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွေမှာ အချောင်နာမည်ရအောင် ဝင်လုပ်လာတယ်ဆိုတဲ့ (၈၈) မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ဥက္ကဋ္ဌ ဦးရဲထွန်းနှင့် တွေ့ဆုံမေးမြန်းခြင်း၊ လူထုကိုယ်စားလှယ် လုပ်မယ်ဆိုရင် လူထုနဲ့ တိုက်ရိုက်ထိတွေ့ရမယ်ဆိုတဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ဒေါက်တာစောနိုင်နှင့် တွေ့ဆုံမေးမြန်းခြင်း သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ်စဉ်(၅၁)ကို ယနေ့ ဖြန့်ချိလိုက်သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း အာရှလေးနိုင်ငံသို့ ခရီးထွက်မည်၊ ဒေါက်တာ နေဇင်လတ်၏ အကျိုးစီးပွား၊ လူနေမှုစတိုင်ရဲတင်းပွင့်လင်းလာသည့် အမျိုးသမီးများ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထိန်းသိမ်းသင့်၊ မျောက်တွေကို ရှောင်တိမ်းတက်ခဲ့ရသည့် ဖွဲ့ကပင်တောင်၊ MAI လေကြောင်းမှာ လေယာဉ် စင်းလုံးငှားစီးလို့ရပြီ၊ တနင်္လာဂြိုဟ်လို့ခေါ်သည့် လမင်းနှင့် ကြာသပတေးဂြိုဟ်တို့ ယှိုင်ထောင့်(Declination) အကွာအဝေး၌ ပူးတွဲယှဉ်သည့် ဖြစ်စဉ်ဖြစ်ပေါ်မည်၊ လူအများစိတ်ဝင်စားသည့် ၂၀၁၂ FTT ကြိုးတစ်ချောင်းဖြင့် သိသင့်သမျှ၊ အင်အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီးဂီရီ ရခိုင်ကမ်းရိုးတန်းကို ဖြတ်ကျော်ခဲ့ခြင်း၏ နောက်ဆုံးအခြေအနေ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သူတို့ ပါဝင်ယှဉ်ပြိုင် အရွေးခံမည်၊ တရုတ်ဘီလပ်မြေတင်သင်္ဘော နစ်မြုပ်သဖြင့် မြန်မာသင်္ဘောသားတစ်ဦး သေဆုံး၊ ယခုနှစ်ထဲတွင် အဆင့်မြင့်နည်းပညာ (FTTX) အင်တာနက်ဝန်ဆောင်မှု စနစ်ကို မန္တလေးမြို့နှင့် ရန်ကုန်မြို့တွင် အပြီးတပ်ဆင်သွားမည်၊ နာဂစ်တွင် နစ်မြုပ်သွားသည့် မင်းလှသင်္ဘော ရန်ကုန်-ဖျာပုံခရီးစဉ်သို့ ပြန်လည်ပြေးဆွဲသွားမည်၊ အမေရိကန် စစ်လက်နက်ဈေးကွက်တွင် အာရပ်နိုင်ငံများ အလုံးအရင်းနှင့် ဝယ်ယူလျက်ရှိ၊ ပြင်သစ်နိုင်ငံအား အကြမ်းဖက်တိုက်ခိုက်လိမ့်မည်ဟု ဆော်ဒီအာရေဗျထောက်လှမ်းရေး သတိပေး၊ အိန္ဒိယကို ဓာတုလက်နက်များဖြင့် တိုက်ခိုက်မည်ဟု အကြမ်းဖက်သမားများက အီးမေးလ်ပို့၍ ခြိမ်းခြောက် စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့် အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ (သတင်းစဉ်)

# ပခုက္ကူမြို့နယ်၌ သာကြီးတောင်ရေနံမြေမှ အရာတော်ရေနံမြေသို့ ရေနံပို့ဆောင်သည့် ပိုက်လိုင်းပေါက်ထွက်ပြီး ရေနံများယိုထွက်ခဲ့သဖြင့် ပတ်ဝန်းကျင်ကျေးရွာအချို့မှ ရေနံများသယ်ယူစဉ် မီးလောင်မှုဖြစ်ပွား၊ မီးလောင်ခံရသူ ၁၂၁ ဦးအနက် ၁၄ ဦးသေဆုံး ကျန်လူနာများအား ဆေးရုံများ၌ ဆက်လက်ကုသပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် သာကြီးတောင်ရေနံမြေမှ အရာတော်ရေနံမြေသို့ ရေနံပို့ဆောင်သော ပိုက်လိုင်းသည် ယမန်နေ့ ည ၈ နာရီခန့်တွင် ညောင်လှကျေးရွာအုပ်စု ညောင်လှကျေးရွာအနီး မြစ်ခြေ-ဆိပ်ဖြူကားလမ်း မိုင်တိုင်အမှတ် ၂၂ မိုင် လေးဖာလုံ နေရာ၌ ပေါက်ထွက်ပြီး ရေနံများ ယိုထွက်ခဲ့ကြောင်း၊ အဆိုပါ ရေနံများကို ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ညောင်လှ၊ ညောင်နီပင်၊ သိန်တော၊ အိုင်ကြီးကျေးရွာတို့မှ ကျေးရွာသူ၊ ကျေးရွာသား ၂၀၀ ခန့်က သယ်ယူကြစဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာနေရာသို့ ပခုက္ကူခရိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရေနံမြေလုံခြုံရေး တာဝန်ရှိသူများ ရောက်ရှိပြီး မီးသတ်ယာဉ်များ၊ မီးသတ်ဆေးဖျန်းယာဉ်များဖြင့် မီးငြိမ်းသတ်ရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယင်းဖြစ်စဉ်တွင် ကျေးရွာသူ၊ ကျေးရွာသား ၁၂၁ ဦး မီးလောင်ဒဏ်ရာများ ရရှိခဲ့သဖြင့် ပခုက္ကူ၊ ကျွန်းချောင်း၊ မြစ်ခြေဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ၎င်းတို့အနက် ပခုက္ကူဆေးရုံ၌ ခုနစ်ဦး၊ ကျွန်းချောင်းဆေးရုံ၌ ငါးဦးနှင့် မြစ်ခြေဆေးရုံ၌ နှစ်ဦး စုစုပေါင်း ၁၄ ဦး သေဆုံးခဲ့ကြောင်းနှင့် ကျန်မီးလောင်ခံရသူများအား ဆေးရုံများ၌ ဆက်လက်ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# မျက်စိနာရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

မျက်စိနာရောဂါသည် အသက်အရွယ်မရွေး ကလေး၊ လူကြီးအားလုံးတွင် ဖြစ်ပွားနိုင်သည်။ မျက်စိနာရောဂါသည် ရောဂါပိုးပါဝင်သော မျက်ဝတ်နှင့် အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်မိသည့်လက်မှ မျက်စိသို့ တိုက်ရိုက်ကူးစက်နိုင်သည်။

**ရောဂါလက္ခဏာများ**

မျက်စိနာရောဂါ ဖြစ်ပွားပါက မျက်စိနီရဲခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ မျက်စိယားခြင်း၊ အောင့်ခြင်း၊ မျက်ခွံများရောင်ရမ်းပြီး မျက်မြေးလွှာအောက်တွင် သွေးယိုစိမ့်ခြင်းများ ဖြစ်နိုင်သည်။

**မျက်စိနာရောဂါ ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်**

- တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြု ဆောင်ရွက်ပါ။
- မျက်စိနာရောဂါ ဖြစ်ပွားသူ၏ လက်ကိုင်ပဝါ၊ မျက်နှာသုတ်ပဝါ၊ ခေါင်းအုံး၊ အိပ်ရာ၊ ဆပ်ပြာခဲ၊ မျက်မှန်စသည်တို့ကို အတူတကွအသုံးမပြုဘဲ သီးခြားသုံးစွဲပါ။
- မလွဲမရှောင်သာ၍ ကိုင်တွယ်ထိစပ်မိပါကလည်း ကိုင်တွယ်ပြီးသည်နှင့် လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။
- မလိုအပ်ဘဲ မျက်စိကို လက်ဖြင့် ပွတ်ခြင်းမှ ရှောင်ကြဉ်ပါ။
- ရောဂါကာကွယ်စေနိုင်သော ဟင်းသီးဟင်းရွက်၊ အသီးအနှံများနှင့် ဗီတာမင်စီကြွယ်ဝသော အစားအစာများကို စားသုံးပါ။
- မျက်စိနာရောဂါ ဖြစ်ပွားပါက ဆေးမြီးတိုများဖြင့် မကုသဘဲ တတ်ကျွမ်းနားလည်သည့် ကျန်းမာရေးဝန်ထမ်းနှင့် ပြသ၍ ကုသမှုခံယူပါ။
- အကယ်၍ မျက်စိအထူးကုဆရာဝန်နှင့် လက်လှမ်းမမီပါက ပဋိဇီဝမျက်စဉ်းဆေးကို တစ်နေ့လျှင် လေးကြိမ် တစ်ပတ် ထည့်နိုင်ပါသည်။

**ကျန်းမာရေးဦးစီးဌာန**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

သတင်းဆောင်းပါး - မောင်ဝင်းနိုင်

## လယ်ယာစိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်မြင့် ဘက်စုံဖွံ့ဖြိုးတိုးတက် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာ နောင်တိုးပွားလာမည့် လူဦးရေအတွက်ပါ လောက်ငလုံလောက်အောင် ဆောင်ရွက်ထား

မြန်မာနိုင်ငံသည် ရေမြေသဘာဝ သယံဇာတ ပေါများကြွယ်ဝသောနိုင်ငံ ဖြစ်သည်။ နိုင်ငံ၏ ပထဝီဝင်အနေအထားနှင့် တောတောင် ရေမြေသဘာဝတို့အရ စိုက်ပျိုးနိုင်မှုအခြေခံကောင်းများ၊ စိုက်နိုင် ပျိုးနိုင်သည့် အနေအထားကောင်းများ အမြောက်အမြားရှိသည်။ ထိုအခြေအနေကောင်းများသည် မြန်မာနိုင်ငံ တည်ဦးအစမှ ယနေ့ထက်တိုင် တည်ရှိနေသည့် သဘာဝကပေးသော အခြေခံကောင်းများ ဖြစ်သည်။ ယခင်ခေတ်ကာလများက နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ စားနပ်ရိက္ခာလိုအပ်ချက်နှင့်အညီ စိုက်ပျိုးရေး လုပ်ငန်းများကို စိုက်နိုင် ပျိုးနိုင်ရုံသာ သမားရိုးကျ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။

> ❝ စိုက်ပျိုးရေးကဏ္ဍ တည်ဆောက်ရေးလုပ်ငန်းများကို မနားမနေ အကောင်အထည်ဖော်ပေးခဲ့ခြင်းကြောင့် သီးနှံထုတ်လုပ်မှု ပိုမိုတိုးတက် ❞

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်များတွင် နေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများဖြင့်သာ အသက်မွေးဝမ်းကျောင်း ပြုကြသည်။ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် မိုးရေကိုသာ အဓိကအားထားလုပ်ကိုင်ဆောင်ရွက်ခဲ့ကြရသည်။ ရှေးမြန်မာမင်းများလက်ထက်မှစ၍ ၁၉၆၂ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်ခဲ့သည့် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ■

ယနေ့ ကြေးမုံ

## ဆောင်းပါး၊ ကဗျာ၊ ကာတွန်းအညွှန်း

ငါတို့အဘိုးကြီး၊ အဘွားကြီး ဇနီးမောင်နှံ နှစ်ယောက်လည်း ငါတို့မျက်စိမမှိတ်ခင် သာယာအေးချမ်းဖွံ့ဖြိုးတဲ့ နိုင်ငံသစ်ကြီး ပေါ်ထွန်းလာတာကို မျက်ဝါးထင်ထင်မြင်နိုင်ဖို့ လာမယ့် နိုဝင်ဘာလ(၇) ရက်နေ့မှာ ပျော်ပျော်ပါးပါးမဲရုံကိုသွားပြီး မဲပေးဖြစ်အောင်ကို ပေးလိုက်ဦးမယ်ဟေ့။

မောင်ဒဲ့ဒိုး၏ "ပျော်ပျော်ပါးပါး၊ မဲရုံသွား၊ မဲပေးကြစို့လား" (ဆောင်းပါး) စာမျက်နှာ - (၈-၉) »

အသည်းကြားက၊ မဲတစ်ပြားသည်
သွေးသားပီပီ၊ အမိပြည်နှင့်
ပြည်သူ့ကျိုးတွက်၊ ရပ်တည်ချက်ဟု
လေးနက်ယုံကြည် ခံယူသည်။
ကိုယ်တိုင်ဆုံးဖြတ် မဲပေးမည်။

မျိုးမြတ်မြတ်မြင့်မောင်၏ "ကိုယ်တိုင်ဆုံးဖြတ်မဲပေးမည်" (ကဗျာ) စာမျက်နှာ - (၉) »

ရဲထက်၏ "အဖျက်သမား သတိထား" (ကာတွန်း)စာမျက်နှာ - (၈-၉) »